# ကြေးမုံ

# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည်လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည်လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သောသူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည်လည်းကောင်း ချမ်းသာ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၄ ခုနှစ်၊ နယုန်လဆန်း ၆ ရက်၊ စနေနေ့။ Saturday, 4 June 2022 ၁၀၇၅၆


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်က ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်

နေပြည်တော် ဇွန် ၃

ဗီယက်နမ်နိုင်ငံ၌ ကျင်းပသည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်က ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ပိုက်ကျော်ခြင်းအားကစားနည်း နှစ်ယောက်တွဲပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ချီးမြှင့်စဉ်။




ကြေးမုံ

# လူမှုစီးပွားအကျိုးပြုရေး သစ်တောသစ်ပင်စိုက်ပျိုးပေး

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့၏ ၂၀၁၀ ပြည့်နှစ် သစ်တောသယံဇာတ ဆန်းစစ်လေ့လာခြင်း အစီရင်ခံစာအရ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၅၁ ဒသမ ၅၄ ရာခိုင်နှုန်းရှိခဲ့သည်။ ၂၀၁၀ ပြည့်နှစ် အစီရင်ခံစာအရ သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၄၆ ဒသမ ၉၆ ရာခိုင်နှုန်းရှိသည်။ ၂၀၁၅ ခုနှစ်တွင် သစ်တောဖုံးလွှမ်းမှုမှာ နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၉၂ ရာခိုင်နှုန်းနှင့် ၂၀၂၀ ပြည့်နှစ်တွင် သစ်တောဖုံးလွှမ်းမှုမှာ နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းရှိသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကုလသမဂ္ဂ FAO အဖွဲ့၏ ဆန်းစစ်လေ့လာတွေ့ရှိမှုအရ လွန်ခဲ့သည့် နှစ် ၂၀ ကျော်နောက်ပိုင်းမှစတင်၍ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုရာခိုင်နှုန်းသည် တဖြည်းဖြည်းနှင့် သိသိသာသာလျော့နည်းလာပြီး သစ်တောများ ပိုမိုပျက်စီးလာသည့်သဘောကို တွေ့ရသည်။ လက်တွေ့မြေပြင်တွင်လည်း နိုင်ငံ၏ သစ်တောများ သိသာစွာလျော့နည်းနေသည်ကို တွေ့ရမည်ဖြစ်သည်။ သစ်တောသစ်ပင်များ လျော့နည်းလာရခြင်းမှာ လူတို့၏ မဆင်မခြင် တရားမဝင်ခုတ်လှဲခြင်းများကြောင့်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်း၊ ထုံးနှင့် မီးသွေးဖုတ်ခြင်း၊ အိမ်သုံးထင်းခုတ်ခြင်း၊ တိရစ္ဆာန်ထိန်းကျောင်းခြင်း စသည့် တိုက်ရိုက်သို့မဟုတ် သွယ်ဝိုက်သောနည်းများကြောင့် သစ်တောများ တဖြည်းဖြည်း ပြုန်းတီးလာခြင်းဖြစ်သည်။

လူတို့အကျိုးစီးပွားအတွက် မဆင်မခြင်အသုံးပြုမှုများကြောင့် သစ်တောများ တစ်စတစ်စပြုန်းတီးလာသည်ကို ကမ္ဘာတစ်ဝန်းတွင် မြင်တွေ့နေရသည်။ သစ်တောများ ပြုန်းတီးလာသောကြောင့် ရာသီဥတု ဆိုးရွားစွာပြောင်းလဲလာခြင်း၊ မြစ်၊ ချောင်း၊ ကန်များ တိမ်ကောပျက်စီးညစ်ညမ်းလာပြီး ရေချိုများ ခန်းခြောက်လာခြင်း၊ ကမ်းခြေများနှင့် ပင်လယ်သမုဒ္ဒရာများ ပျက်စီးယိုယွင်းလာခြင်း၊ တောင်ပေါ်ဒေသနှင့် ကုန်းမြင့်များမှ မြေဆီလွှာများ ပြုန်းတီးပျက်စီးလာခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းပျောက်ဆုံးလာခြင်း စသည့် ဂေဟစနစ်များ ပျက်စီးယိုယွင်းမှုများနှင့်အတူ လူသားများ အသက်ရှင်ရပ်တည်နေထိုင်ရေးအတွက် ကြီးမားသည့်ခြိမ်းခြောက်မှုများနှင့် ထိခိုက်မှုစသည့်အကျိုးဆက်များ ဖြစ်ပေါ်စေခဲ့သည်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်ပြီး နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး အများအားဖြင့် နေ့စဉ်နေထိုင်မှုဘဝ၌ ထင်းမီးသွေးကို အသုံးပြုကြသည်။ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကျေးရွာတစ်ရွာလျှင် အနည်းဆုံး ထင်းစိုက်ခင်း နှစ်ဧက စိုက်ပျိုးတည်ထောင်ခြင်း၊ သစ်ထုတ် ခုတ်လှဲခြင်းကို ရပ်ဆိုင်းထားခြင်းစသည့် သစ်တောထိန်းသိမ်းရေးတို့ကို ဆောင်ရွက်ခဲ့သည်။ တစ်ဖက်တွင် ယမန်နှစ် မိုးရာသီက သစ်ပင်သန်း ၂၀ ကျော် စိုက်ပျိုးခဲ့ပြီး ယခုမိုးရာသီတွင် အပင်ပေါင်း သန်း ၂၀ ခန့် စိုက်ပျိုးရန် စီမံဆောင်ရွက်ထားသည်။ မြေပေါ်မြေအောက် သဘာဝသယံဇာတများ ထုတ်ယူသုံးစွဲမှုများကို လျှော့ချပြီး တိုင်းပြည်၏ အရန်သယံဇာတအဖြစ် ထိန်းသိမ်းနိုင်ရေး၊ ရာသီဥတုပြောင်းလဲဖောက်ပြန်မှု လျှော့ချရေးနှင့် ပြန်လည်မျှတလာစေရေး၊ နိုင်ငံပိုင်သစ်တောများ ရေရှည်တည်တံ့စေရေး၊ ကျေးရွာပိုင်ထင်းစိုက်ခင်းများ တည်ထောင်ရေး၊ ပင်လယ်ကမ်းခြေဒေသများရှိ ဒီရေတောများ ထာဝစဉ်ဖွံ့ဖြိုးတိုးတက်စေရေး စသည့်လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် နိုင်ငံတော်နှင့်အတူ တိုင်းရင်းသားပြည်သူများ၊ ပြည်တွင်း/ ပြည်ပ အဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်ကြပြီး နိုင်ငံအနှံ့အပြားတွင် သစ်ပင်စိုက်ပျိုးရေးပွဲတော်များ ပြုလုပ်ကြကာ စိမ်းလန်းသာယာလှပသည့် မြန်မာ့ရေမြေတောတောင်များ ပြန်လည်ဖြစ်ပေါ်လာအောင် ဖန်တီးကြရမည်ဖြစ်သည်။

သစ်တောသစ်ပင်ဟုဆိုရာတွင် သစ်ပင်ကြီးများ စုဝေးပေါက်ရောက်သည့် တောအုပ်ကြီးများသာမက မြို့ပြကျေးလက် ပတ်ဝန်းကျင်တစ်ခွင်တွင် ပေါက်ရောက်နေသော သစ်ပင်များလည်းပါဝင်သည်။ ထို့ကြောင့် မြန်မာနိုင်ငံ ပြန်လည်စိမ်းလန်းစိုပြည်စေရေးအတွက် သစ်တောများကို ထိန်းသိမ်းစောင့်ရှောက်ရေးအပြင် မြေလွတ်မြေလပ်အားလုံးတွင် သစ်ပင်စိုက်ပျိုးကြရန်ဖြစ်သည်။ သစ်တောသစ်ပင်သည် နှစ်ပေါင်းရှည်ကြာ အချိန်ယူစိုက်ပျိုးရသည်ဖြစ်၍ လက်ငင်းအကျိုးစီးပွားအမြန်ဖြစ်ထွန်းရန်အတွက် သစ်တောလယ်ယာစိုက်ပျိုးရေးကိုလည်း ပေါင်းစပ်ဆောင်ရွက်သင့်ပါသည်။ သစ်တောလယ်ယာစိုက်ပျိုးရေးဆိုသည်မှာ နှစ်နှစ်ခံကောက်ပဲသီးနှံပင်များကို ဆိုလိုသည်။ ၎င်းအပင်များသည် မိုးခေါင်ရေရှား၊ မိုးသည်းထန်မှုကိုခံနိုင်ရည်ရှိပြီး သစ်တောလယ်ယာ အသုံးပြုသစ်ပင်မှ လူ၊ တိရစ္ဆာန်အစားအစာ၊ စက်မှုကုန်ကြမ်း၊ သစ်၊ လောင်စာ၊ မြေဆီလွှာ၊ စားကုန်နှင့် ဝင်ငွေတိုးပွားစေပါကြောင်း။ ။

# လူမှုဖူလုံရေးရုံး၌ အကျုံးဝင်မှတ်ပုံတင်ထားသည့် အာမခံအလုပ်သမား လုပ်ငန်းခွင်ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ထုတ်ပေး




မကွေး ဇွန် ၃

အလုပ်သမားဝန်ကြီးဌာန မကွေးမြို့နယ် လူမှုဖူလုံရေးရုံး၌ အကျုံးဝင်မှတ်ပုံတင်ထားသည့်အာမခံအလုပ်သမား လုပ်ငန်းခွင် ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူမိသားစုအား အကျိုးခံစားခွင့် ငွေကျပ်သိန်း ၁၅၀ ပေးအပ်သည့် အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် အလုပ်သမားဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံး တိုင်းဒေသကြီးတာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမိုးကျော်မြင့်က အမှာစကားပြောကြားရာ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ သိကောင်းစရာများအား ရှင်းလင်းပြောကြားပြီး လူမှုဖူလုံရေးအကျုံးဝင်မှတ်ပုံတင်ထားသည့်အာမခံအလုပ်သမား လုပ်ငန်းခွင် ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူမိသားစုအား အကျိုးခံစားခွင့် ထုတ်ပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် Myanmar Carlsberg Co.,Ltd. မှ အာမခံအလုပ်သမား ဦးသက်မောင်မောင်၏ အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေကျပ်သိန်း ၁၅၀ ကို ဇနီးဖြစ်သူ ဒေါ်စိမ့်လဲ့ဖြူအား ပေးအပ်သည်။

ဆက်လက်၍ Myanmar Carlsberg Co.,Ltd. မန်နေဂျာ ဦးစည်သူစိုးဝင်းက အကျိုးခံစားခွင့် လက်ခံရရှိသူကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# တိုက်ကြီးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ ၅၀ ရာခိုင်နှုန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအား ကွင်းဆင်းစစ်ဆေး

တိုက်ကြီး ဇွန် ၃

တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးပင်လဟာ(တောင်)ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေ ၅၀ ရာခိုင်နှုန်းဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို တာဝန်ရှိသူများက ယနေ့တွင် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ကြသည်။

တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုသီတာလင်း၊ တာဝန်ခံအင်ဂျင်နီယာ၊ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာမြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့များနှင့်အတူ မြစိမ်းရောင်အတိုးရငွေ ၅၀ ရာခိုင်နှုန်း ကျပ် ၁၀ သန်းဖြင့် ဆောင်ရွက်သည့် ကျေးရွာတွင်း ကွန်ကရစ်လမ်းအရှည် ၄၅၅ ပေ၊ အကျယ် ၁၀ ပေနှင့် ခြောက်လက်မထု ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၃ - ၆ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၆၀၀ | ၇,၆၀၀ | ၈၆ | ၆၅၆,၆၀၀ |
| MTSH | ၂,၇၀၀ | ၂,၇၀၀ | ၂၀၉ | ၅၆၄,၃၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၁ | ၈,၀၀၀ |
| FPB | ၁၇,၅၀၀ | ၁၇,၅၀၀ | ၁,၀၁၅ | ၁၇,၇၆၂,၅၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၂၀ | ၅၂,၀၀၀ |
| EFR | ၂,၅၅၀ | ၂,၅၅၀ | ၁၆၁ | ၄၁၀,၅၅၀ |
| AMATA | ၄,၈၀၀ | ၅,၀၀၀ | ၁၈၀ | ၈၆၄,၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇွန် ၃

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၉၈၈.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၇.၇၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၄.၀၂၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၁.၅၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၈၂၆ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၄၁.၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၄၇.၄ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၂၂.၆ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၈.၆၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်က ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

○ ရွှေဖုံးမှ

ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ အိုလံပစ်ကောင်စီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများ၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ၊ အုပ်ချုပ်သူများ၊ နည်းပြများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဂုဏ်ပြုအမှာစကားပြောကြား**

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် အားကစားဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၊ လူမျိုး တစ်မျိုး၏ ကျန်းမာကြံ့ခိုင်မှု၊ ခွဲ၊ လုံ့လ၊ ဝီရိယကြီးမားမှုနှင့် စည်းလုံးညီညွတ်မှုတို့ကို ပေါ်လွင်စေနိုင်ပြီး အားကစားပြိုင်ပွဲများသည် တရားမျှတမှုရှိသည့် စွမ်းရည်ပြယှဉ်ပြိုင်မှုများဖြစ်ပါကြောင်း။

အလားတူ အားကစားသည် နိုင်ငံသူ၊ နိုင်ငံသားများ၏ စိတ်နှလုံးကို စွဲဆောင်သိမ်းသွင်းနိုင်ခြင်း၊ နိုင်ငံ့ဂုဏ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကိုဆောင်ကာ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထက်သန်စေနိုင်ပြီး ယှဉ်ပြိုင်မှုတိုင်းတွင် အနိုင်မခံ၊ အရှုံးမပေးသည့် စိတ်ဓာတ်၊ ခိုင်မာသည့်စိတ်ဓာတ်များကို ဖြစ်ပေါ်စေနိုင်သည့်အတွက် ကမ္ဘာ့နိုင်ငံအသီးသီးတွင် မိမိတို့နိုင်ငံ၏ အားကစားအဆင့်အတန်းကို မြှင့်တင်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ဆိုသည်ကို၊ အားလုံးအသိပင်ဖြစ်ကြောင်း။

တစ်နည်းအားဖြင့် မိမိနိုင်ငံ ပြည်သူများ၏ ကျန်းမာကြံ့ခိုင်မှုနှင့် အားကစားအဆင့်အတန်းကို မြှင့်တင်နိုင်ရန်အတွက် ပြည်တွင်းအားကစားပြိုင်ပွဲများ၊ ဒေသအတွင်း အားကစားပြိုင်ပွဲများနှင့် နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြပြီး မိမိတို့၏ အားကစားစွမ်းရည်ကို ထုတ်ဖော်ပြသနိုင်ရန်အတွက် အစွမ်းကုန် ကြိုးပမ်းအားထုတ်နေကြသည်ကို တွေ့မြင်နေရကြောင်း။

(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ၂၀ ကို အားကစားသမား ၂၉၃ ဦး၊ အုပ်ချုပ်သူ၊ နည်းပြ ၉၇ ဦး စုစုပေါင်း ၃၉၀ ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း၊ ပြိုင်ပွဲမသွားမီ နိုင်ငံတော်အလံအပ်နှင်းပွဲတွင် အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်ပြီး နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြရန်၊ မိမိနိုင်ငံအလံလွှင့်တင်ဂုဏ်ပြုရသည်အထိ ကြိုးစားကြရန်မှာကြားခဲ့ကြောင်း၊ အားကစားသမားများ၏ ကြိုးစားယှဉ်ပြိုင်မှုကြောင့် ပြိုင်ပွဲတွင် ရွှေတံဆိပ် ကိုးခု၊ ငွေတံဆိပ် ၁၈ ခု၊ ကြေးတံဆိပ် ၃၅ ခု စုစုပေါင်း ဆုတံဆိပ် ၆၂ ခုတို့ကိုရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၁၁ နိုင်ငံအနက် အဆင့် ၇ ရရှိခဲ့ကြောင်း။

**အားကစားပြိုင်ပွဲများတွင် အနိုင်မခံ၊ အရှုံးမပေးစိတ်ဖြင့် ရိုးရိုးသားသား ကြိုးစားပြိုင်ပွဲဝင်ခဲ့ကြပြီး နိုင်ငံတော်အတွက် ဆုတံဆိပ်များ ဆွတ်ခူးရယူပေးခြင်းဖြင့် နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်ပေးခဲ့ကြသည့်အတွက် ကျေးဇူးတင် ဂုဏ်ယူရကြောင်း၊ နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အောင်နိုင်မှုဆုတံဆိပ်များ ဆွတ်ခူးရရှိပြီး နိုင်ငံတကာအလယ်တွင် အမိမြန်မာနိုင်ငံတော်အလံကို လွှင့်တင်ကာ နိုင်ငံတော်သီချင်းသံ လွှင့်ပျံ့အောင် စွမ်းဆောင်ကြိုးပမ်းခဲ့သူများဖြစ်ကြသည့်အတွက် အုပ်ချုပ်သူ၊ နည်းပြများအပါအဝင် နိုင်ငံ့ဂုဏ်ဆောင် အားကစား မောင်/မယ်များကို ယခုကဲ့သို့ ထိုက်ထိုက်တန်တန် ဂုဏ်ပြုရခြင်းဖြစ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝူရှူးအားကစားနည်းမှ ငွေတံဆိပ်ရရှိခဲ့သည့် မစန္ဒီဦးအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ချီးမြှင့်စဉ်။

**ထိုက်ထိုက်တန်တန်ဂုဏ်ပြု**

အားကစားပြိုင်ပွဲများတွင် အနိုင်မခံ၊ အရှုံးမပေးစိတ်ဖြင့် ရိုးရိုးသားသား ကြိုးစားပြိုင်ပွဲဝင်ခဲ့ကြပြီး နိုင်ငံတော်အတွက် ဆုတံဆိပ်များ ဆွတ်ခူးရယူပေးခြင်းဖြင့် နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်ပေးခဲ့ကြသည့်အတွက် ကျေးဇူးတင် ဂုဏ်ယူရကြောင်း၊ နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် အောင်နိုင်မှု ဆုတံဆိပ်များ ဆွတ်ခူးရရှိပြီး နိုင်ငံတကာ အလယ်တွင် အမိမြန်မာနိုင်ငံတော်အလံကို လွှင့်တင်ကာ နိုင်ငံတော်သီချင်းသံ လွှင့်ပျံ့အောင် စွမ်းဆောင်ကြိုးပမ်းခဲ့သူများဖြစ်ကြသည့်အတွက် အုပ်ချုပ်သူ၊ နည်းပြများအပါအဝင် နိုင်ငံ့ဂုဏ်ဆောင် အားကစား မောင်/မယ်များကို ယခုကဲ့သို့ ထိုက်ထိုက်တန်တန် ဂုဏ်ပြုရခြင်းဖြစ်ကြောင်း။

(၃၁)ကြိမ်တိုင် ပြုလုပ်ခဲ့သည့် SEA Gameပြိုင်ပွဲတိုင်းကို မြန်မာနိုင်ငံအနေဖြင့် ယှဉ်ပြိုင်ခဲ့ရာတွင် ပြီးခဲ့သည့် (၂၉)ကြိမ်မြောက်တွင် အားကစားနည်း ၂၉ နည်း၊ အားကစားသမား ၃၈၂ ဦး၊ ဆုတံဆိပ် ရွှေ ခုနစ်ခုအပါအဝင် ဆုတံဆိပ် ၃၇ ခု၊ (၃၀)ကြိမ်မြောက်တွင် အားကစားနည်း ၃၁ နည်း၊ အားကစားသမား ၃၅၁ ဦး၊ ဆုတံဆိပ် ရွှေ လေးခုအပါအဝင် ဆုတံဆိပ် ၇၃ ခု၊ ယခု (၃၁)ကြိမ်မြောက် ပြိုင်ပွဲတွင် အားကစားနည်း ၂၀၊ အားကစားသမား ၂၉၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုတံဆိပ် ရွှေ ကိုးခု အပါအဝင် ဆုတံဆိပ် ၆၂ ခုရရှိခဲ့သည်ကို တွေ့ရကြောင်း၊ ကိန်းဂဏန်းများအရ တိုးတက်အောင်မြင်မှုရခဲ့သည်ကို မငြင်းနိုင်ကြောင်း၊ သို့သော်လည်း ယခုယှဉ်ပြိုင်သည့် အားကစားနည်းများသည် ကိုဗစ်-၁၉ ရောဂါကြောင့် ပြိုင်ပွဲနောက်ဆုတ်ခဲ့သည့်အတွက် ပြည်တွင်း/ပြည်ပတွင် လေ့ကျင့်ချိန်များစွာရခဲ့ကြောင်း၊ လေ့ကျင့်ခဲ့သည့်အချိန်တွင် ရခဲ့သည့် အကောင်းဆုံးစံချိန်များ ယခုရခဲ့သလားဆိုသည်ကို ဆန်းစစ်ရန်လိုကြောင်း၊ မိမိအနေဖြင့် ရုပ်သံနှင့် You Tube က ကြည့်ခဲ့ရသည့် အချို့သောအားကစားပွဲများသည် နည်းစနစ်အရ၊ သက်လုံအရ၊ ကြံ့ခိုင်မှုအရ လိုအပ်ချက်ရှိနေသည်ကို တွေ့ရကြောင်း၊ အင်ပြည့်အားပြည့်ကစားရန် လိုနေသေးသည်ဟု သုံးသပ်ရကြောင်း၊ အားကစားပြိုင်ပွဲပြီးတိုင်း လေ့လာသုံးသပ်ပြီး ပြုပြင်ကြသော်လည်း မည်သည့်အတွက်ကြောင့် တိုးတက်သင့်သလောက် မတိုးတက်သည်ကို ဆန်းစစ်ရမည်ဖြစ်ကြောင်း၊ ယခု (၃၁)ကြိမ်မြောက်ပြိုင်ပွဲတွင် မိမိတို့ထက် လူဦးရေနည်းပြီး နိုင်ငံငယ်သည့် နိုင်ငံများက ဆုတံဆိပ်ရရှိမှုတွင် မိမိတို့အထက်၌ ရှိနေသည်ကို တွေ့ရကြောင်း၊ ပြိုင်ပွဲဝင်သည့် လူဦးရေ အရေအတွက်နှင့် အားကစားနည်း နည်းသည့်အတွက်ကြောင့် သို့မဟုတ် စံချိန်၊ ကြံ့ခိုင်မှု၊ နည်းစနစ်စသည့်အချက်များ ကွာခြားခြင်းကြောင့်လားဟု မေးစရာရှိကြောင်း။

**တိုင်းပြည်၏ဂုဏ်သိက္ခာ**

အားကစားနှင့် စီးပွားရေး(ငွေကြေး)၊ နိုင်ငံရေးရောယှက်မရကြောင်း၊ မိမိတို့နိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်နေခြင်းသည် အိုလံပစ်ပြိုင်ပွဲ အဆင့်ဆင့်သာဖြစ်ပါကြောင်း၊ SEA Game တွင်သာမဟုတ်ဘဲ အာရှအဆင့်အထိ သွားရမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ကမ္ဘာ့အဆင့်အထိ သွားရမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် အပြည့်အဝအားပေးရန် အသင့်ရှိကြောင်း၊ အဆင့်မီသည့် အားကစားသမားတိုင်းသည် နိုင်ငံကိုယ်စားပြုချင်သည့် စိတ်လည်း ရှိရန်လိုကြောင်း၊ ယင်းမှာ တိုင်းပြည်၏ ဂုဏ်သိက္ခာဖြစ်ကြောင်း။

ယခုပြိုင်ပွဲတွင် မိမိတို့နိုင်ငံအနေဖြင့် အားကစားသမားများ အရေအတွက်နည်းနည်းဖြင့် ပြိုင်ပွဲအမျိုးအစားတစ်ဝက်လောက်ကိုသာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့ကြသော်လည်း နိုင်ငံအလိုက် အဆင့်တစ်ခုကို ထိုက်ထိုက်တန်တန် ရယူပေးခဲ့ကြသည့် မြန်မာအားကစားသမားများ၏ ကြိုးပမ်းမှု၊ ခွဲ၊ စိတ်ဓာတ်များနှင့် အောင်မြင်မှုကို မှတ်တမ်းတင် ဂုဏ်ပြုကြရမည် ဖြစ်ကြောင်း။

**စာမျက်နှာ ၄ သို့ »»»**

»»» စာမျက်နှာ ၃ မှ

ထို့ပြင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် အားကစားအဖွဲ့ချုပ်အသီးသီးမှ မြန်မာ အားကစား မောင်/မယ်များအနေဖြင့် အားကစားစည်းမျဉ်း၊ စည်းကမ်းဥပဒေ ဘောင်များအတွင်းကနေ အားကစား စိတ်ဓာတ်အပြည့်ဖြင့် တရားနည်းလမ်း ကျစွာ ယှဉ်ပြိုင်အနိုင်ယူပြီး နိုင်ငံတော် အတွက် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ ဆွတ်ခူးပေးခဲ့သည့်အတွက် ချီးကျူး ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း။

**ငွေကျပ်သိန်းပေါင်း ၁၃၂၇၀**

ယခုဂုဏ်ပြုပွဲတွင် ပြိုင်ပွဲမသွားမီ ကြိုတင်အသိပေး ကြေညာထားသည့် အတိုင်း တစ်ဦးချင်းပြိုင်ပွဲများတွင် ရွှေတံဆိပ်ရရှိခဲ့သူများကို ငွေကျပ်သိန်း ၃၀၀၊ ငွေတံဆိပ်ရရှိခဲ့သူများကို ငွေကျပ် သိန်း ၂၀၀၊ ကြေးတံဆိပ်ရရှိခဲ့သူများကို ငွေကျပ် သိန်း ၁၀၀ နှင့် အသင်းလိုက်ပြိုင်ပွဲ များတွင် ရွှေတံဆိပ်ရရှိခဲ့သည့် အားကစား သမား တစ်ဦးလျှင် ငွေကျပ် သိန်း ၁၀၀၊ ငွေတံဆိပ်ရရှိခဲ့သည့် အားကစားသမား တစ်ဦးလျှင် ငွေကျပ် သိန်း ၇၀၊ ကြေးတံဆိပ် ရရှိခဲ့သည့် အားကစားသမားတစ်ဦးလျှင် ငွေကျပ် ၃၅ သိန်း၊ အားကစားနည်း အလိုက် တာဝန်ယူဆောင်ရွက်ခဲ့သည့် နည်းပြများကို မိမိတို့ အားကစားနည်း အလိုက် ရွှေတံဆိပ်ရရှိခဲ့ပါက နည်းပြ တစ်ဦးလျှင် ငွေကျပ်သိန်း ၁၀၀၊ ငွေတံဆိပ် ရရှိခဲ့ပါက ငွေကျပ်သိန်း ၅၀၊ ကြေးတံဆိပ် ရရှိခဲ့ပါက ငွေကျပ်သိန်း ၃၀ နှင့် အားကစား နည်းအလိုက် အုပ်ချုပ်မှုအဖွဲ့များကိုလည်း ရွှေတံဆိပ်ရရှိသည့် အုပ်ချုပ်မှုအဖွဲ့များကို ငွေကျပ်သိန်း ၁၀၀၊ ငွေတံဆိပ်ရရှိသည့် အုပ်ချုပ်မှုအဖွဲ့များကို ငွေကျပ်သိန်း ၅၀၊ ကြေးတံဆိပ်ရရှိသည့် အုပ်ချုပ်မှုအဖွဲ့များ ကို ငွေကျပ်သိန်း ၃၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ်သိန်းပေါင်း ၁၃၂၇၀ ကို ချီးမြှင့် ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ယခုချီးမြှင့် ငွေများသည် အားကစားနှင့် သက်ဆိုင်သူ များအတွက် သင့်တော်သည့် လူမှုဘဝ တိုးတက်မှုကို အထောက်အကူပြုမည်ဟု ယုံကြည်ကြောင်း၊ အားကစားသမားများ က နိုင်ငံ့ဂုဏ်ဆောင်ရန် အားသွန်ခွန်စိုက် ကြိုးစားသကဲ့သို့ နိုင်ငံတော်ပိုင်းကလည်း လိုအပ်သည့်ပံ့ပိုးမှုများ ရရှိအောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။

**ယခုထက်ပိုမိုအောင်နိုင်ရေး**

ယခုကဲ့သို့ နိုင်ငံတော်နှင့် ပြည်သူ လူထုအပါအဝင် ပံ့ပိုးကူညီကြသူ စေတနာ ရှင်များ၊ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၏ အားပေးချီးမြှောက်မှုအပေါ် တုံ့ပြန်သည့် အနေဖြင့် ဆုတံဆိပ်များရယူပြီး နိုင်ငံ့ဂုဏ် ဆောင်ခဲ့ကြသကဲ့သို့ နောင်လာမည့် နိုင်ငံတကာ ပြိုင်ပွဲများတွင်လည်း အားကစားသမားများအနေဖြင့် မိမိတို့၏ ခွဲ၊ လုံ့လ၊ ဝီရိယ၊ ကြိုးပမ်းအားထုတ် လေ့ကျင့်မှု၊ စည်းကမ်းလိုက်နာမှု၊ အနိုင် မခံ အရှုံးမပေးသည့် စိတ်ဓာတ်များနှင့် ပေါင်းစပ်ပြီး ယခုထက်ပိုမို အောင်နိုင်ရေး အတွက် အလေးအနက်ထား ဆက်လက် ကြိုးပမ်းယှဉ်ပြိုင်သွားကြရန် တိုက်တွန်း မှာကြားလိုကြောင်း။

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ သည် အရှေ့တောင်အာရှ ဒေသအတွင်း ဂုဏ်သိက္ခာအမြင့်ဆုံး အားကစားပြိုင်ပွဲ၊ အာဆီယံနိုင်ငံများ၏ အားကစားအဆင့် အတန်းကို မှတ်ကျောက်တင်ရာ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း နိုင်ငံ့ဂုဏ်ဆောင် ဆုရအားကစားသမားတစ်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်အေးနုစိန် နိုင်ငံ့ဂုဏ်ဆောင် ဆုရအားကစားသမားတစ်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမောင်းဟာ နိုင်ငံ့ဂုဏ်ဆောင် ဆုရအားကစားသမားတစ်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် စောဒန်နီယယ် နိုင်ငံ့ဂုဏ်ဆောင် ဆုရအားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ချီးမြှင့်စဉ်။

အားကစားပြိုင်ပွဲ၊ နိုင်ငံတစ်နိုင်ငံ၏ အားကစားအဆင့်အတန်းကို တိုင်းတာ သည့် အားကစားပြိုင်ပွဲကြီးဖြစ်ကြောင်း၊ ယင်းပြိုင်ပွဲကြီးတွင် နိုင်ငံ့ဂုဏ်ကို မြှင့်တင် ပေးခဲ့ကြသည့် အားကစားသမားများနှင့် တာဝန်ရှိသူအားလုံးကို မှတ်တမ်းတင် ဂုဏ်ပြုပါကြောင်း၊ အားကစား မောင်/ မယ်များအနေဖြင့် လာမည့် ၂၀၂၃ ခုနှစ် မေ ၅ ရက် မှ ၁၇ ရက်အထိ ကမ္ဘောဒီးယား နိုင်ငံ၌ ကျင်းပမည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အပါအဝင် နိုင်ငံတကာပြိုင်ပွဲများတွင် လည်း ယခုထက်ပိုမိုအောင်မြင်မှုရရှိရေး မလျှော့သော ခွဲ၊ လုံ့လ၊ အားမာန်၊ စိတ်ဓာတ်တို့ဖြင့် ရေကုန်ရေခန်း ပြိုင်ပွဲ ဝင်နိုင်ရေး ယခုကတည်းက အားထုတ် ကြိုးပမ်းပြင်ဆင်သွားကြရန် အလေး အနက် တိုက်တွန်းမှာကြားလိုကြောင်း။

**နိုင်ငံ့ဂုဏ်ကို အားကစားဖြင့်မြှင့်တင်**

လူငယ်လူရွယ်တိုင်း အားကစားကို စိတ်ပါဝင်စားပြီး ကျန်းမာသန်စွမ်းသည့် မျိုးဆက်သစ် နိုင်ငံ့သားကောင်းများ၊ အားကစားထူးချွန်သည့် မောင်မယ်များ အဖြစ် သက်ဆိုင်ရာ ဒေသကိုယ်စားပြု၊ နိုင်ငံကိုယ်စားပြုသူများ အဆင့်ကနေ အရှေ့တောင်အာရှမှ အာရှအဆင့်၊ ကမ္ဘာ့ အဆင့်အထိ ထိုးဖောက်နိုင်သည့် နိုင်ငံ့ သားကောင်းများဖြစ်အောင် ဆက်လက် ကြိုးပမ်းပြီး နိုင်ငံတကာပြိုင်ပွဲများတွင် အောင်နိုင်မှုများ ယခုထက်ပိုမိုရရှိပြီး နိုင်ငံ့ဂုဏ်ကိုအားကစားဖြင့် မြှင့်တင်နိုင် ကြပါစေဟု တိုက်တွန်းပြောကြားသည်။

ယင်းနောက် အားကစားနှင့်လူငယ် ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်**

ထို့နောက် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် ဆုရအားကစားသမားများ၊ နည်းပြများနှင့် အုပ်ချုပ်သူများကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ရာ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီး ချုပ်က ရွှေတံဆိပ်ဆုရရှိခဲ့ကြသည့် ဗိုဗီနမ် အားကစားနည်းမှ မောင်မနားကျိုး၊ မောင်အိုက်စိုးလင်း၊ မောင်ဇင်လင်းထွန်း၊ မောင်ဇော်ဇော်၊ မောင်အောင်ခိုင်လင်း၊ မောင်ရာဇာထွန်း၊ မောင်ဟိန်းထက်အောင်၊ မောင်ကျော်သူစိုးအောင်၊ မခိုင်ဝါဖူး၊ မမေဟန်နီအောင်လွင်၊ ပိုက်ကျော်ခြင်း အားကစားနည်းမှ မခင်နှင်းဝေ၊ မဖြူဖြူ သန်း၊ မယမုံဇင်၊ ဝူရှူးအားကစားနည်းမှ မောင်သိန်းသန်းဦး၊ Kurash အားကစား နည်းမှ မအေးအေးအောင်၊ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားနည်းမှ မောင်ရဲထွန်းနောင်၊ ပီတန်းအားကစား နည်းမှ မခင်ချယ်ရီသက်၊ ဘိလိယက်နှင့် စနူကာအားကစားနည်းမှ ဦးပေါက်စ တို့ကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ် ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ချုပ်က ငွေတံဆိပ်ဆုရရှိခဲ့ကြသည့် လှေလှော်အားကစားနည်း ကနူး/ကယက် လေးယောက်တွဲပြိုင်ပွဲမှ မောင်မြင့်ကိုကို၊ မောင်ထက်ဝေလွင်၊ မောင်စောမိုးအောင်၊ မောင်ထွန်းမင်းသန့်၊ မောင်အောင်မျိုးသူ၊ ဘိလိယက်နှင့်စနူကာ အားကစားနည်း နှစ်ယောက်တွဲပြိုင်ပွဲမှ မောင်ပေါက်စ၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ် နိုင်ငံ့ဂုဏ်ဆောင် ဆုရအားကစားသမားတစ်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ချီးမြှင့်စဉ်။

မောင်မင်းစည်သူထွန်း၊ သေနတ်ပစ် အားကစားနည်း နှစ်ယောက်တွဲပြိုင်ပွဲမှ မောင်ရဲထွန်းနောင်၊ မချစ်စိုးနွယ်၊ ဝူရှူး အားကစားနည်းမှ မစန္ဒီဦးနှင့် မစုလှိုင်ဝင်း တို့ကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ် ချီးမြှင့်သည်။

**ပေးအပ်ချီးမြှင့်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဗညား အောင်မိုး၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ် နှင့် ဦးရွှေကြိမ်း၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စု ဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ) နှင့် တပ်မတော်အရာရှိကြီးများက ဗိုဗီနမ် အားကစားနည်း၊ ဝူရှူးအားကစားနည်း၊ ကာယဗလအားကစားနည်း၊ Kurash အားကစားနည်း၊ ဘိလိယက်/စနူကာ အားကစားနည်း၊ ပိုက်ကျော်ခြင်း အားကစားနည်း၊ ပီတန်းအားကစားနည်း၊ ဂျူဒိုအားကစားနည်း၊ ပြေးခုန်ပစ် အားကစားနည်း၊ သေနတ်ပစ်အားကစား နည်း၊ ကနူး/ကယက် အားကစားနည်း၊ တိုက်ကွမ်ဒို အားကစားနည်း၊ လက်ဝှေ့ အားကစားနည်း၊ အပြည်ပြည်ဆိုင်ရာ လှေလှော်အားကစားနည်း၊ မြားပစ် အားကစားနည်း၊ အလေးမအားကစား နည်းတို့တွင် ငွေတံဆိပ်နှင့် ကြေးတံဆိပ် ဆုရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် ဆုရ အားကစားသမားများ၊ နည်းပြများနှင့် အုပ်ချုပ်သူများကို ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

စာမျက်နှာ ၅ သို့ »»»

»»» စာမျက်နှာ ၄ မှ

ယင်းနောက် နိုင်ငံ့ဂုဏ်ဆောင် ဆုတံဆိပ်ရ အားကစားသမားများကိုယ်စား ရွှေတံဆိပ်(၁)ခု၊ ငွေတံဆိပ်(၁)ခုရရှိသော ဗိုဗီနမ် အားကစားသမား မမေဟန်နီအောင်လွင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများနှင့် နည်းပြများကို ဂုဏ်ပြုလက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့သည်။



ပြည်ထောင်စု ဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း နိုင်ငံ့ဂုဏ်ဆောင်ဆုရ အားကစားသမားတစ်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စု ဝန်ကြီး ဦးမင်းသိန်းဇံ နိုင်ငံ့ဂုဏ်ဆောင်ဆုရ အားကစားသမားတစ်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ချီးမြှင့်စဉ်။

နိုင်ငံတော်အနေဖြင့်လည်း ပြိုင်ပွဲဝင်အားကစားသမားများ၏ နိုင်ငံ့ဂုဏ်ဆောင်နိုင်အောင် ပြင်းပြင်းထန်ထန် ကြိုးစားလေ့ကျင့်နေမှုများကို အသိအမှတ်ပြုသည့်အနေဖြင့် လေ့ကျင့်နေစဉ်ကာလအတွင်း တာဝန်ရှိသူများက မကြာခဏ ကြည့်ရှုအားပေးခဲ့သကဲ့သို့ ပြိုင်ပွဲမသွားရောက်မီ အောင်နိုင်ရေးအလံအပ်နှင်းသည့် အခမ်းအနားတွင်လည်း အားကစားသမားတစ်ဦးလျှင် ငွေကျပ် ၂ သိန်းနှင့် ဒေါ်လာ ၂၀၀ နှုန်း၊ နည်းပြတစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှင့် ဒေါ်လာ ၁၀၀ နှုန်းစီချီးမြှင့်ပြီး အားကစားသမားများ၏ စိတ်ဓာတ်ကို မြှင့်တင်ပေးခဲ့သည်။ ထို့ပြင် ထပ်ဆောင်းချီးမြှင့်မှုအဖြစ် အားကစားပြိုင်ပွဲ ကျင်းပနေစဉ်အတွင်း တစ်ဦးချင်းပြိုင်ပွဲများတွင် ရွှေတံဆိပ်ရရှိခဲ့ကြသူများကို ဒေါ်လာ ၃၀၀၀၊ ငွေတံဆိပ်ရရှိခဲ့သူများကို ဒေါ်လာ ၂၀၀၀၊ ကြေးတံဆိပ်ရရှိခဲ့ကြသူများကို ဒေါ်လာ ၁၀၀၀၊ အသင်းလိုက် ပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရရှိခဲ့ကြသူများကို အားကစားသမားတစ်ဦးလျှင် ဒေါ်လာ ၁၀၀၀၊ ငွေတံဆိပ်ရရှိခဲ့ကြသူများကို အားကစားသမားတစ်ဦးလျှင် ဒေါ်လာ ၇၅၀၊ ကြေးတံဆိပ်ရရှိခဲ့ကြသူများကို အားကစားသမားတစ်ဦးလျှင် ဒေါ်လာ ၅၀၀ နှင့် အကြို ဗိုလ်လုပွဲကို တက်ရောက်ခဲ့သည့် အမျိုးသမီးဘောလုံးအသင်းတို့ကိုလည်း ဒေါ်လာတစ်သိန်း ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းမှုအရ ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီ (မိုင်းလား) အဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် ဇွန် ၃**

တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရန်နှင့် လက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းရေးတို့ကို ရည်ရွယ်၍ ဧပြီ ၂၂ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးရန် ဖိတ်ခေါ်ခဲ့ရာ ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီ (မိုင်းလား) အဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် နေပြည်တော်သို့ ရောက်ရှိကြသည်။

ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီ (မိုင်းလား) အဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးစဉ်ဖြင့် နေပြည်တော် တပ်မတော်လေဆိပ်သို့ ရောက်ရှိကြရာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ တိုင်းရင်းသား တိုင်းရင်းသူများ၊ ငြိမ်းချမ်းရေးကိုလိုလားသည့် ဒေသခံပြည်သူများက ထာဝရငြိမ်းချမ်းရေးကိုရရှိရေးသည် ပြည်သူတစ်ရပ်လုံး၏ဆန္ဒအစစ်အမှန်ဖြစ်သည်၊ ငြိမ်းချမ်းရေးရရှိရေးသည် နိုင်ငံသားအားလုံး၏ဆန္ဒအမှန်ဖြစ်သည်၊ ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ တွေ့ဆုံဆွေးနွေးကြပါစို့၊ တိုင်းရင်းသားတွေစည်းလုံးမှ ငြိမ်းချမ်းတည်ငြိမ်အေးချမ်းရ စသည့် စာသားပါဆိုင်းဘုတ်များနှင့်နိုင်ငံတော်အလံငယ်များကို ကိုင်ဆောင်၍ ကြိုဆိုကြသည်။

အဆိုပါ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့သို့ရောက်ရှိရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ တိုင်းမှူးဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ၊ ပြည်နယ်/ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပါတီနိုင်ငံရေးအဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးကိုလိုလားသည့် ဒေသခံပြည်သူများက လှိုက်လှိုက်လှဲလှဲဂုဏ်ပြုကြိုဆိုကြပြီး ထိုမှတစ်ဆင့် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း (၂/၂၀၂၂)ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် ဇွန် ၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှာငံနှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ(မိန်းမဝတ်၊ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ်(၈)ခု၊ အပတ်စဉ် တစ်ခုလျှင် (၆)ပတ်ကြာသင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း သင်တန်းအပတ်စဉ် (၂/ ၂၀၂၂) အား (၁၃-၆-၂၁၂၂)ရက်နေ့မှ (၂၂-၇-၂၀၂၂)ရက်နေ့ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/ အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနက အသိပေးကြေညာထားသည်။

- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်) အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး) အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅၂၆လမ်းကြား၊အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်) ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ) အမှတ် (၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း- ၀၅၄-၂၃၅၇၁
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား) အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း-၀၇၄-၂၅၂၂၅၅၈
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ) ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ဖျာပုံမြို့၊ ဖုန်း- ၀၉-၄၅၅၇၈၈၀၂၁
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်) အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း -၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ) မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက် စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှာငံ) အမှတ်-၈၂၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှာငံမြို့၊ ဖုန်း- ၀၉- ၇၈၁၁၁၆၂၇၂
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်) အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊ ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**သတင်းစဉ်**

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဇွန် ၃**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၄-၆-၂၀၂၂ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၄) အမှတ် (၂၃) ၌ ရတနာသုံးပါးကို ကြည်ညိုလေးစား၍ တောထဲတွင် ဘီလူးတို့၏ ဘေးအန္တရာယ်မှ လွတ်မြောက်သွားခဲ့သော ထင်းခုတ်သမား၏ သားအကြောင်းကို တင်ဆက်ထားသည့် "ရတနာသုံးပါး" မျက်နှာဖုံးဇာတ်လမ်း၊ စာပေဗိမာန် စိန်ရတုအထိမ်းအမှတ်အဖြစ် ပြုလုပ်သော ရွှေသွေးတို့လက်ရာ စာစီစာကုံးပြိုင်ပွဲတွင် ဆန်ခါတင်အဆင့် ရွေးချယ်ခံရသည့် "၁၂လရာသီပွဲတော်" စာစီစာကုံး၊ မိမိဆောင်ရွက်ရမည့် ကိစ္စရပ်များကို ကိုယ်တိုင်မဆောင်ရွက်ဘဲ သူတစ်ပါးကိုအားကိုးတတ်သော၊ သူတစ်ပါးအပေါ် မကောင်းကြံစည်တတ်သောစိတ်ထားထားရှိ၍ ရရှိလာမည့် အခွင့်အရေးများ ဆုံးရှုံးသွားသော မောင်ပိုနှင့် သူတစ်ပါးကို ကူညီဆောင်ရွက်တတ်ကာ စိတ်ကောင်းထားရှိ၍ ကောင်းကျိုးခံစားရသော မောင်ချိုတို့အကြောင်းကို ရေးဖွဲ့ထားသည့် "ထင်းသက်သေ" ပုံပြင်၊ ကလေးများအနေဖြင့် ရေနှင့်မီးကို ချွေတာ၍ စနစ်တကျသုံးစွဲသင့်ကြောင်း ပညာပေးတင်ဆက်ထားသည့် "ရေနဲ့မီးကို ချွေတာပါ" ဝတ္ထု၊ မိမိ၏ ဘဝပေးအခြေအနေအရ မိမိလုပ်ကိုင်ဆောင်ရွက်ရသည့်အလုပ်ကို တန်ဖိုးထားလုပ်ဆောင်ရမည်ဖြစ်ကြောင်းကို တင်ဆက်ထားသည့် "တင်းတိမ်ရောင့်ရဲခြင်း" နှစ်မျက်နှာကာတွန်း၊ မိမိတို့၏ ခြံဝင်းအတွင်း နေရာလွတ်များ၌ သီးပင်စားပင်များ စိုက်ပျိုးပါက မိသားစုဝင်ငွေတိုးနိုင်ပုံကို ပညာပေးရေးဖွဲ့ထားသည့် "ရိုးရိုးလေး- ပျင်းနေဖို့ မလိုတော့ပါ" နှစ်မျက်နှာကာတွန်း၊ သက်ရှိသက်မဲ့များကို တစ်ခုနှင့်တစ်ခု နှိုင်းယှဉ်ရာတွင် အသုံးပြုသည့် Adjective (နာမဝိသေသန)များ အကြောင်းကို လေ့ကျင့်ခန်းများနှင့်တကွ တင်ဆက်ထားသည့် "ရွှေသွေးအင်္ဂလိပ်သဒ္ဒါ" အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍနှင့် ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

* ကျောဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပသည့်အစည်းအဝေးသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြင်ဆင်ဖွဲ့စည်းထားသည့် မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ၏ ၁/၂၀၂၂ ဖြစ်ကြောင်း၊ မူပိုင်ခွင့်ဆိုင်ရာ ဥပဒေများနှင့် ပတ်သက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃၀ ရက်ရက်စွဲဖြင့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေတို့ကို အတည်ပြုပြဋ္ဌာန်းပြီးဖြစ်ကြောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မူပိုင်ခွင့်ဦးစီးဌာနက အဓိကတာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး မူပိုင်ခွင့်ချိုးဖောက်မှုအပေါ် အကောက်ခွန်ဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်စသည့်ဌာနများက သက်ဆိုင်ရာကဏ္ဍများအလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

☆ မြန်မာနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့် ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့တို့၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ မူပိုင်ခွင့်နှင့်ဆက်စပ်သော ကုန်သွယ်မှုဆိုင်ရာ သဘောတူစာချုပ်ကို လိုက်နာဆောင်ရွက်ရန် လိုအပ်သကဲ့သို့ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် အရှေ့တောင်အာရှအဖွဲ့ဝင်နိုင်ငံများအကြား မူပိုင်ခွင့်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်ကိုလည်း ပါဝင်ဆောင်ရွက်ကြရမည်

☆ မူပိုင်ခွင့်ဥပဒေများ ပြဋ္ဌာန်းကျင့်သုံးဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူဖြစ်စေခြင်း၊ လုပ်ငန်းရှင်များအတွက် မူပိုင်ခွင့်အကာအကွယ်ပေးသည့်စနစ် ခိုင်မာလာစေခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၊ လူသားအရင်းအမြစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းအသစ်များ ပေါ်ပေါက်လာနိုင်ခြင်း၊ အဆင့်မြင့်နည်းပညာများကို လွှဲပြောင်းရယူနိုင်ခြင်းဖြင့် ကုန်ထုတ်လုပ်မှု မြင့်မားတိုးတက်လာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိနိုင်မည်

## တာဝန်ပေးထားပြီးဖြစ်

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ နိုင်ငံသူနိုင်ငံသားများအတွက် အကာအကွယ်ပေးနိုင်ရေးပြဋ္ဌာန်းရန် အခြေခံမူအခန်း-၁၊ ပုဒ်မ-၃၇ အပိုဒ်ခွဲ (ဂ)တွင် နိုင်ငံသားများအား ပစ္စည်းပိုင်ဆိုင်ခွင့်၊ အမွေဆက်ခံခွင့်၊ ကိုယ်ပိုင်လုပ်ပိုင်ခွင့်၊ တီထွင်ခွင့်နှင့် မူပိုင်ခွင့်တို့ကို ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ခွင့်ပြုရမည်ဟု လည်းကောင်း၊ အခန်း(၈)၊ ပုဒ်မ-၃၇၂ တွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ တည်ဆဲဥပဒေပါပြဋ္ဌာန်းချက်များနှင့် လည်းကောင်း မဆန့်ကျင်စေဘဲ စီးပွားရေးကိစ္စရပ်များကို ဆောင်ရွက်ရာတွင် ပစ္စည်းပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်နှင့် ကိုယ်ပိုင်တီထွင်ခွင့်၊ မူပိုင်ခွင့်တို့ကို နိုင်ငံတော်က အာမခံ၍လည်းကောင်း တာဝန်ပေးထားပြီးဖြစ်ကြောင်း။

နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မူပိုင်ခွင့်အကာအကွယ်ပေးခြင်းစနစ်တစ်ရပ် ကျင့်သုံးဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ယနေ့ Globalization ခေတ်တွင် နည်းပညာများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အစိုးရ၊ ဌာနဆိုင်ရာများ၊ စွန့်ဦးတီထွင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက်ပါ မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များသည် ပိုမိုအရေးပါပြီး အရေးကြီးသည့်ကဏ္ဍတစ်ရပ်အနေဖြင့် ရှိနေမည်ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(၂၀၁၈-၂၀၃၀)တွင် ပါဝင်သည့်လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သော နိုင်ငံတော်တွင် တီထွင်ဖန်တီးမှုကိုအခြေပြုသည့် စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာစေရန်နှင့် ဆန်းသစ်တီထွင်မှုနှင့် ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားသည့် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများ ဖြစ်ပေါ်လာနိုင်စေရေး ဆောင်ရွက်ရာတွင် မူပိုင်ခွင့်စနစ်ကျင့်သုံးခြင်းသည် များစွာအထောက်အကူပေးနိုင်မည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံစီးပွားရေး ပြန်လည်ဦးမော့စေရေး စီမံချက်ပါ လုပ်ငန်းစဉ်များတွင် မူပိုင်ခွင့်ဆိုင်ရာ ဥပဒေများကို အကောင်အထည်ဖော်နိုင်ရေးဆောင်ရွက်ခြင်းကို ဥပဒေ၊ နည်းဥပဒေ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကဏ္ဍတွင် လုပ်ငန်းစဉ်တစ်ခုအနေဖြင့် ချမှတ်ထားသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် နိုင်ငံတွင် မူပိုင်ခွင့်အကာအကွယ်ပေးခြင်းစနစ်တစ်ရပ် ထူထောင်ခြင်းသည် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် အထောက်အပံ့ကောင်းတစ်ခုဖြစ်သည်ကို လက်ခံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

## လိုက်နာဆောင်ရွက်ရန် လိုအပ်

မြန်မာနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့် ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့တို့၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ မူပိုင်ခွင့်နှင့်ဆက်စပ်သော ကုန်သွယ်မှုဆိုင်ရာ သဘောတူစာချုပ်ကို လိုက်နာဆောင်ရွက်ရန် လိုအပ်သကဲ့သို့ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် အရှေ့တောင်အာရှအဖွဲ့ဝင်နိုင်ငံများအကြား မူပိုင်ခွင့်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်ကိုလည်း ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အာဆီယံစီးပွားရေးအသိုက်အဝန်းပါ အာဆီယံဒေသတွင်း မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဒေသတွင်း နိုင်ငံများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်စည်စီးဆင်းမှုများတိုးတက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ကို အထောက်အကူပြုနိုင်သည့် မူပိုင်ခွင့်စနစ်များကို ဖော်ဆောင်ကျင့်သုံးနေကြကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အခြားသောအဖွဲ့ဝင်နိုင်ငံများနည်းတူ မူပိုင်ခွင့်ဆိုင်ရာ ဥပဒေများကို အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ပြီး မူပိုင်ခွင့်အကာအကွယ်ပေးသည့် စနစ်တစ်ရပ် တည်ထောင်နိုင်ရန် ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် အခြားသော အာဆီယံအဖွဲ့ဝင်နိုင်ငံများနည်းတူ အာဆီယံစီးပွားရေးအသိုက်အဝန်းပါ လုပ်ငန်းစဉ်များအရ မူပိုင်ခွင့်ဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်များသို့လည်း ဝင်ရောက်ရန် ပြင်ဆင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်တွင် ကျင့်သုံးဖော်ဆောင်မည့် မူပိုင်ခွင့်စနစ်သည် နိုင်ငံတကာက သတ်မှတ်ထားသည့်စံများနှင့် ကိုက်ညီရန်လိုအပ်သကဲ့သို့ နိုင်ငံ၏လက်ရှိဖြစ်တည်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးစသည့် အခြေအနေများနှင့်လည်း လိုက်လျောညီထွေရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မူပိုင်ခွင့်ဆိုင်ရာ ဥပဒေ(၄)ရပ်ကို အကောင်အထည်ဖော်ရာတွင် စနစ်တကျအကျိုးသက်ရောက်မှုရှိစေရေးအတွက် ဥပဒေတစ်ခုပြီးမှတစ်ခု အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဥပဒေများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တာဝန်ရှိဝန်ကြီးဌာနများအပြင် မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီနှင့် အေဂျင်စီတို့တွင် တာဝန်ပေးအပ်မည့် အစိုးရဌာနများ၊ ပညာရှင်များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများကလည်း ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ၏ အဓိကဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို မူပိုင်ခွင့်ဥပဒေများတွင် ဖော်ပြထားကြောင်း၊ ဗဟိုကော်မတီအနေဖြင့် မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများ ကောင်းစွာဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်မည့်မူဝါဒများ၊ မဟာဗျူဟာများနှင့် လုပ်ငန်းစီမံချက်များကို လမ်းညွှန်ချမှတ်ပေးသွားမည်ဖြစ်ကြောင်း၊ ဗဟိုကော်မတီကချမှတ်သည့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ရာတွင် လိုအပ်မည့် အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်ရန် မူပိုင်ခွင့်ဆိုင်ရာ အေဂျင်စီကို အမြန်ဆုံးဖွဲ့စည်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

## အကျိုးကျေးဇူးများကို ရရှိနိုင်

မူပိုင်ခွင့်ဥပဒေများ ပြဋ္ဌာန်းကျင့်သုံးဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူဖြစ်စေခြင်း၊ လုပ်ငန်းရှင်များအတွက် မူပိုင်ခွင့်အကာအကွယ်ပေးသည့်စနစ် ခိုင်မာလာစေခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၊ လူသားအရင်းအမြစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းအသစ်များ ပေါ်ပေါက်လာနိုင်ခြင်း၊ အဆင့်မြင့်နည်းပညာများကို လွှဲပြောင်းရယူနိုင်ခြင်းဖြင့် ကုန်ထုတ်လုပ်မှု မြင့်မားတိုးတက်လာနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ကြောင်း။

ယခုဖွဲ့စည်းထားသည့် မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီတွင်ပါဝင်သော တာဝန်ခံဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများအနေဖြင့် မိမိတို့ပါဝင်ဆောင်ရွက်နိုင်သည့် အခန်းကဏ္ဍများတွင် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလိုကြောင်း၊ နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုကဏ္ဍများ၊ တီထွင်ဆန်းသစ်မှုနှင့် ဖန်တီးမှုများကို ဖွံ့ဖြိုးတိုးတက်စေနိုင်မည့် မူပိုင်ခွင့်စနစ်တစ်ရပ်ကို အစိုးရနှင့်ပြည်သူ အတူလက်တွဲ၍ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ကြပါဟု တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက မူပိုင်ခွင့်စနစ်တစ်ရပ် ပေါ်ပေါက်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးညွန့်အောင်က ပထမအကြိမ်ဗဟိုကော်မတီအစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြပြီး မူပိုင်ခွင့်ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ဗီဒီယိုကို ပြသသည်။

## ဖြည့်စွက်ဆွေးနွေး

ထို့နောက် တွဲဖက်အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးမိုးသွယ်က ဗဟိုကော်မတီအစည်းအဝေး(၁/၂၀၂၂)သို့ တင်ပြသည့်အမှာစာများကို ဖတ်ကြားတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစာတစ်ခုချင်းအပေါ် လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် ဗဟိုကော်မတီဝင် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးသန်းအောင်ကျော်၊ ဦးရဲတင့်၊ ဒေါက်တာအောင်ကြီး၊ ဦးရင်မောင်ညွန့်၊ ဦးညွန့်အောင်၊ ဒေါက်တာဇော်မြင့်နှင့် တာဝန်ရှိသူများက မူပိုင်ခွင့်ဆိုင်ရာများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြပြီး အစည်းအဝေးဆုံးဖြတ်ချက်မူကြမ်းများကို အတည်ပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

---

○ ၂၀၂၃ မှ

တတိယအဆင့်ခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် မေ ၂၂ ရက်မှ ဇွန် ၂ ရက်အထိ ထိုင်းနိုင်ငံ၌ သွားရောက်လေ့ကျင့်ခဲ့ပြီး နိုင်ငံတကာခြေစမ်းပွဲနှစ်ပွဲ ကစားပြီးနောက် အပြီးသတ်လူစာရင်း ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ခြေစမ်းပွဲများတွင် ဟောင်ကောင်လက်ရွေးစင်အသင်းနှင့် ဂိုးမရှိသရေကျပြီး ဘာရိန်းလက်ရွေးစင်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဇွန် ၃ ရက်တွင် အာရှဖလားခြေစစ်ပွဲကျင်းပမည့် ကာဂျစ္စတန်နိုင်ငံသို့ ထွက်ခွာသွားပြီး ကြိုတင်လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

အာရှဖလား တတိယအဆင့်ခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အသင်းတွင် **ဂိုးသမား-** ကျော်ဇင်ဖြိုး၊ ပြည့်ဖြိုးသူ၊ ထွန်းနန္ဒဦး၊ **နောက်တန်း-** ဒေးဗစ်ထန်၊ ဇော်ရဲထွန်း၊ ငြိမ်းချမ်း၊ ကျော်ဇင်လွင်၊ ဟိန်းဖြိုးဝင်း၊ စိုးမိုးကျော်၊ ရဲမင်းသူ၊ ဝင်းမိုးကျော်၊ **အလယ်တန်း-** လှိုင်းဘိုဘို၊ ရန်နိုင်ဦး၊ လွင်မိုးအောင်၊ ထက်ဖြိုးဝေ၊ မြတ်ကောင်းခန့်၊ မောင်မောင်လွင်၊ ဆွမ်လမန်၊ ဇော်ဝင်းသိန်း၊ အောင်နိုင်ဝင်း၊ **ရှေ့တန်း-** ဝင်းနိုင်ထွန်း၊ သန်းပိုင်နှင့် အောင်ကောင်းမာန်တို့ ပါဝင်သည်။ မြန်မာအသင်းသည် ခြေစစ်ပွဲတွင် ကာဂျစ္စတန်၊ တာဂျစ်ကစ္စတန်၊ စင်ကာပူတို့နှင့် ကျရောက်နေပြီး ဇွန် ၈ ရက်မှ ၁၄ ရက်အထိ ကျင်းပမည်ဖြစ်သည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း The Global Fund မှ တာဝန်ရှိသူများအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၃**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် The Global Fund မှ အကြီးတန်းရန်ပုံငွေစီမံခန့်ခွဲမှုမန်နေဂျာ Mrs. Izaskun Gavira ဦးဆောင်သောအဖွဲ့အား ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ခုခံကျ/ကာလသားရောဂါ စစ်ဆေးကုသခြင်း၊ ဆေးယဉ်ပါး တီဘီရောဂါကုသခြင်း၊ ငှက်ဖျားရောဂါရှာဖွေကုသခြင်းလုပ်ငန်း ပြန်လည်မြှင့်တင်ဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စများ၊ အဆိုပါရောဂါများ ကုသနိုင်ရေးလိုအပ်သည့်ဆေးဝါးများ၊ အထောက်အကူပြုပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ ပြတ်လပ်မှုမရှိစေရန် ကျန်းမာရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ထားရှိမှုများ၊ အဆိုပါ ရောဂါများထိန်းချုပ်ရေးနှင့် ပတ်သက်၍ ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများ ဆက်လက်ကူညီပံ့ပိုးနိုင်ရေး ကိစ္စရပ်များ၊ The Global Fund အဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာန အကြား ပိုမိုပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးကြသည်။

ဆက်လက်၍ ခုခံကျ/ ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်၊ တီဘီရောဂါ တိုက်ဖျက်ရေးစီမံချက်၊ ငှက်ဖျားရောဂါ တိုက်ဖျက်ရေးစီမံချက်များနှင့် The Global Fund နှင့် ၎င်း၏ဆက်စပ်အဖွဲ့များ အစည်းအဝေးကို ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးစည်းကမ်းများနှင့်အညီ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်း ဦးဆောင်၍ ကျင်းပခဲ့သည်။

**ဆက်လက်ပံ့ပိုးနိုင်ရေး**

အစည်းအဝေးတွင် ကျန်းမာရေးဝန်ထမ်းများနှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ မြန်မာနိုင်ငံအတွင်း လိုအပ်သောနေရာများတွင် The Global Fund မှ ထပ်မံထောက်ပံ့မှုများကို ၂၀၂၂ ခုနှစ်တွင် သက်ဆိုင်ရာစီမံချက်များအလိုက် အကျိုးရှိစွာ အသုံးချဆောင်ရွက်နိုင်ရေး၊ ခုခံကျ/ကာလသားရောဂါ၊ တီဘီရောဂါ၊ ငှက်ဖျားရောဂါ တိုက်ဖျက်ရေးစီမံချက်များနှင့် အဓိကပူးပေါင်းဆောင်ရွက်သည့် အဖွဲ့များအနေဖြင့် အကောင်အထည်ဖော်ဆောင်မည့် လုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုနှင့်အညီ ညှိနှိုင်းဆောင်ရွက်နိုင်ရေး၊ အိတ်ချ်အိုင်ဗွီကုသဆေးများ၊ တီဘီရောဂါကုသဆေးများ၊ ငှက်ဖျားရောဂါကုသဆေးများ စဉ်ဆက်မပြတ်ရရှိနိုင်ရေး သက်ဆိုင်ရာစီမံချက်နှင့် အဓိကပူးပေါင်းဆောင်ရွက်သည့်အဖွဲ့များက အလေးပေးဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အရေးကြီးသည့် ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ပြန်လည်အရှိန်အဟုန် မြှင့်တင်နိုင်ရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းများ ဆောင်ရွက်နိုင်ရေးနှင့် လုပ်ငန်းများအရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များနှင့် ခုခံကျ/ကာလသားရောဂါ၊ တီဘီရောဂါ၊ ငှက်ဖျားရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေးနှင့် လာမည့်နှစ်များတွင် The Global Fund ရန်ပုံငွေမှ ဆက်လက်ပံ့ပိုးနိုင်ရေးလုပ်ငန်းများ ဆွေးနွေးကြသည်။

**တက်ရောက်**

အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်၊ တီဘီရောဂါတိုက်ဖျက်ရေးစီမံချက်၊ ငှက်ဖျားရောဂါ တိုက်ဖျက်ရေးစီမံချက်များမှ တာဝန်ရှိသူများ၊ The Global Fund နှင့်ဆက်စပ်အဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေးကို နေပြည်တော်၌ ဇွန် ၂ ရက်မှ ၃ ရက်အထိ နှစ်ရက်တာ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# မြန်မာ့စီးပွားရေးဘဏ် လက်ထောက်မန်နေဂျာများ ဘဏ်လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာသင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၃**

ပြည်သူများ၊ စီးပွားရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများအတွက် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို အပြည့်အဝပံ့ပိုးကူညီဆောင်ရွက်ပေးရန် ရည်ရွယ်ဖွင့်လှစ်သည့် မြန်မာ့စီးပွားရေးဘဏ် လက်ထောက်မန်နေဂျာများ ဘဏ်လုပ်ငန်းဆိုင်ရာ သင်တန်းအမှတ်စဉ် (၁/၂၀၂၂-၂၀၂၃) သင်တန်း ဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)၌ ကျင်းပသည်။

**မှာကြား**

သင်တန်းဆင်းပွဲတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက နိုင်ငံပိုင် မြန်မာ့စီးပွားရေးဘဏ်သည် ပြည်သူများ၊ စီးပွားရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများအတွက် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများဆောင်ရွက်ပေးနေသည့် နိုင်ငံတော်ပိုင် ဘဏ်ကြီးတစ်ခုဖြစ်ကြောင်း၊ ထို့ပြင် အစိုးရဌာနဆိုင်ရာအားလုံး၏ ငွေစာရင်းများကို ထိန်းသိမ်းဆောင်ရွက်ပေးလျက်ရှိသည့်အပြင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာများ၊ ဆုကြေးကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုအခါ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးထိခိုက်မှုများအပေါ် ကုစားရေးအတွက် ချေးငွေများကို ထုတ်ချေးပေးလျက်ရှိကြောင်း၊ ဘဏ်လုပ်ငန်းစနစ်နှင့်စပ်လျဉ်း၍ သတ်မှတ်ရေးဆွဲပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရကြောင်း၊ သင်တန်းသားများအနေဖြင့် ယခုသင်တန်းမှပို့ချပေးလိုက်သည့် ဘဏ်လုပ်ငန်းဆိုင်ရာဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များကို ကောင်းစွာသိရှိနားလည်ပြီး လက်တွေ့ကျင့်သုံးဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းလမ်းညွှန်အဖြစ် သေချာစွာမှတ်သားလိုက်နာဆောင်ရွက်ကြရန် အလေးအနက်ထား မှာကြားလိုကြောင်း၊ ခေတ်နှင့်အညီ IT နည်းပညာဖြင့် ဆောင်ရွက်သည့် Core Banking စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်၍ လုပ်ငန်းစဉ်အောင်မြင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်မှာကြားလိုကြောင်း၊ ပြည်သူများက အစဉ်အားထားယုံကြည်ရသည့် ဘဏ်တစ်ခုဖြစ်၍ ယင်းအစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းပြီး ဘဏ်နှင့် ဆက်သွယ်သူပြည်သူများကို စေတနာထားကာ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ အပြည့်အဝ ပံ့ပိုးကူညီဆောင်ရွက်ပေးရန် မှာကြားလိုကြောင်း ပြောကြားသည်။

**ငါးပတ်ကြာမြင့်**

ယခုဖွင့်လှစ်သည့်သင်တန်းသို့ မြန်မာ့စီးပွားရေးဘဏ်တွင် လက်ထောက်မန်နေဂျာများအဖြစ် တာဝန်ထမ်းဆောင်ကြမည့် သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ် ငါးပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စာရေးဝန်ထမ်းကြီးကြပ်မှုတန်းမြင့်သင်တန်း အမှတ်စဉ်(၈၇)နှင့် စာရေးဝန်ထမ်းအခြေခံသင်တန်း အမှတ်စဉ်(၁၉၉) သင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၃**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)တွင် ဖွင့်လှစ်ခဲ့သည့် စာရေးဝန်ထမ်းကြီးကြပ်မှု တန်းမြင့်သင်တန်း အမှတ်စဉ်(၈၇)နှင့် စာရေးဝန်ထမ်းအခြေခံသင်တန်း အမှတ်စဉ်(၁၉၉)တို့၏ သင်တန်းဆင်း စစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် တက္ကသိုလ်စစ်ရေးပြကွင်း(၁)၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ တာဝန်ခံအဖွဲ့ဝင် ဦးစိုးတင့်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ပါမောက္ခချုပ် ဦးဇော်ဇော်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ တက္ကသိုလ်သင်ကြားရေး/စီမံဌာနများမှ ပါမောက္ခ၊ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ တာဝန်ခံအဖွဲ့ဝင် ဦးစိုးတင့်က ပထမဦးစွာ ၎င်းတက္ကသိုလ်အဆင့်ဆင့် ပြောင်းလဲလာပုံအကျဉ်းကို ပြောကြားလိုကြောင်း၊ ၁၉၆၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် “ဗဟိုပြည်သူ့ဝန်ထမ်းကျောင်း”အမည်ဖြင့် စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၇၇ ခုနှစ် မေ ၅ ရက်တွင် “ဗဟိုဝန်ထမ်းတက္ကသိုလ်”အဖြစ် အဆင့်မြှင့်တင်ခဲ့ပြီး“ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)”ဟု အမည်ပြင်ဆင်ပြောင်းလဲခဲ့ကြောင်း၊ ထို့နောက် ၂၀၁၆ ခုနှစ် မေ ၁၇ ရက်တွင် “ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)”ဟု အမည်ပြောင်းလဲကာ ယနေ့အထိ ခေါ်ဝေါ်သတ်မှတ်သုံးစွဲခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် “ပြည်သူ့ဝန်ထမ်းအကယ်ဒမီ”ကို ထပ်မံတိုးချဲ့ ဖွင့်လှစ်ခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ် ဇွန် ၁ ရက်မှစ၍ “နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)”ဟု အမည်ပြောင်းလဲပြင်ဆင် သတ်မှတ်လိုက်ပြီဖြစ်ကြောင်း သင်တန်းသား သင်တန်းသူအားလုံးကို အသိပေးရှင်းလင်းပြောကြားလိုကြောင်း။

နိုင်ငံတော်၏အုပ်ချုပ်ရေးယန္တရားကို အကောင်အထည်ဖော်ရာတွင် ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဖြစ်၍ နိုင်ငံ့ဝန်ထမ်းများအားလုံးသည် ကောင်းမွန်သောအုပ်ချုပ်ရေးယန္တရားအဖြစ် ပြုပြင်ပြောင်းလဲရာတွင် မိမိတို့၏ စွမ်းဆောင်ရည်ကို မြှင့်တင်ကာ လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခြင်းဖြင့် ပြည်သူတို့၏ ယုံကြည်ကိုးစားမှုရရှိလာအောင် ဆက်လက်ဆောင်ရွက်သွားကြရန်လိုကြောင်း။

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်အနေဖြင့် ကာယ၊ ဉာဏ၊ စာရိတ္တတည်းဟူသော စွမ်းရည်သုံးရပ် အချိုးညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန် လေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်သည့်အတွက် သင်တန်းကာလအတွင်း လေ့လာဆည်းပူးရရှိခဲ့သည့် အတွေးအမြင်၊ ဗဟုသုတများကို မိမိတို့လုပ်ငန်းခွင်တွင် လက်တွေ့အသုံးချခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် အကျိုးရှိရှိ ပါဝင်လာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းများကို ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၂၅ ရက်အထိ အွန်လိုင်းဖြင့်လည်းကောင်း၊ မေ ၉ ရက်မှ ဇွန် ၃ ရက်အထိ In-house ဖြင့်လည်းကောင်း ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ သင်တန်းသား ၁၅၈ ဦး၊ သင်တန်းသူ ၃၀၅ ဦးကို လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## တာဝန်မှ ကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအား သတ်မှတ်ရက်တိုးမြှင့် ဖိတ်ခေါ်ခြင်း

ငြိမ်းခြောက်အကျပ်ကိုင်ခံရမှုကြောင့်လည်းကောင်း၊ ငြိမ်းချမ်းစွာဆန္ဒပြမှုများတွင် ပါဝင်ခဲ့မိသောကြောင့်လည်းကောင်း၊ သွားလာမှုခက်ခဲခြင်းကြောင့်လည်းကောင်း စိုးရိမ်ကြောင့်ကြမှုများကြောင့် တာဝန်မှကင်းကွာခဲ့သော ပညာရေးဝန်ထမ်း ဆရာ ဆရာမများ၊ ဝန်ထမ်းစည်းကမ်းဖြင့် အရေးယူခံထားရသည့် ဆရာ ဆရာမများအနေဖြင့် နိုင်ငံသားမျိုးဆက်သစ်လူငယ်များအတွက် စေတနာ၊ ဝါသနာ၊ အနစ်နာခံသော နာသုံးနာကို ရှေးရှု၍ သင်ကြားရေးတာဝန်ကို ပြန်လည်ထမ်းဆောင်နိုင်ရန်အတွက် မိမိတို့၏သဘောဆန္ဒအလျောက် မိမိတို့နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့ရာ ကျောင်းတည်ရှိသည့် မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ၊ မိမိတို့လက်ရှိနေထိုင်ရာဒေသရှိ နီးစပ်ရာမြို့နယ် ပညာရေးမှူးရုံးသို့ဖြစ်စေ ၃၁-၅-၂၀၂၂ ရက်နေ့မတိုင်မီ သတင်းပို့ကြရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းထုတ်ပြန်ဖိတ်ခေါ်ခဲ့ရာ ဆရာ ဆရာမ ၂၄၈၂ ဦး ဆက်သွယ်သတင်းပို့ခဲ့ပါသည်။

ဆက်သွယ်သတင်းပို့ရန် ဆန္ဒရှိပါသော်လည်း လမ်းပန်းဆက်သွယ်ရေးနှင့် အခြားသောအခက်အခဲများကြောင့် သတ်မှတ်ရက်အတွင်း သတင်းပို့နိုင်ခြင်းမရှိသော ဆရာ ဆရာမများအတွက် သတင်းပို့ဆက်သွယ်ရမည့်ရက်ကို (၇-၆-၂၀၂၂) ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ပေးလိုက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား တစ်နိုင်ငံလုံး ၉၃ ရာခိုင်နှုန်းကျော် ကျောင်းတက်ရောက်



တောင်ကုတ်မြို့ရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုအား တွေ့ရစဉ်။



ပုသိမ်မြို့ရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုအား တွေ့ရစဉ်။

**နေပြည်တော် ဇွန် ၃**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာကျောင်းများကို ဇွန် ၂ ရက်မှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများ၌ စတင်ဖွင့်လှစ်သင်ကြားခဲ့ရာ ယနေ့တွင်လည်း ကျောင်းသား ကျောင်းသူများသည် သက်ဆိုင်ရာအတန်းအလိုက် သင်ခန်းစာများကို အေးချမ်းပျော်ရွှင်စွာ သင်ကြားလျက်ရှိသည်။

**၉၃ ဒသမ ၁၉ ရာခိုင်နှုန်း**

ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများ၌ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၆၃၁၈၃၈ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိရာ တစ်နိုင်ငံလုံး ကျောင်းတက်ရာခိုင်နှုန်းအနေဖြင့် ၉၃ ဒသမ ၁၉ ရာခိုင်နှုန်းဖြစ်ကြောင်း အခြေခံပညာဦးစီးဌာနမှ သိရသည်။

အခြေခံပညာမူလတန်းတွင် ကျောင်းအပ်နှံသည့် ကျောင်းသား ကျောင်းသူ ၄ ဒသမ ၂ သန်းဖြစ်ပြီး တက်ရောက်သူ ၃ ဒသမ ၉ သန်း၊ အခြေခံပညာအလယ်တန်းတွင် ကျောင်းအပ်နှံထားသူ ၁ ဒသမ ၃ သန်းဖြစ်ပြီး တက်ရောက်သူ ၁ ဒသမ ၂ သန်း၊ အခြေခံပညာအထက်တန်းတွင် ကျောင်းအပ်နှံထားသူ ၄ ဒသမ ၁ သန်းဖြစ်ပြီး တက်ရောက်သူ ၃ ဒသမ ၈ သန်း စုစုပေါင်းကျောင်းအပ်နှံသူ ခြောက်သန်းဖြစ်ပြီး တက်ရောက်သူ ၅ ဒသမ ၆ သန်းဖြစ်ရာ တက်ရောက်သူရာခိုင်နှုန်းအနေဖြင့် ၉၃ ဒသမ ၁၉ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကျောင်းတက်ရောက်ကြသည့် အသက်ငါးနှစ်မှ ၁၂ နှစ်အတွင်းရှိ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးပြီး ကျောင်းသား ကျောင်းသူများအား နှာခေါင်းစည်းများ ဖြန့်ဝေပေးခြင်း၊ ကျောင်းသား ကျောင်းသူများအား နှာခေါင်းစည်းများနှင့် မျက်နှာအကာများ စနစ်တကျ တပ်ဆင်စေပြီး ကိုယ်အပူချိန်တိုင်းတာခြင်း၊ စနစ်တကျလက်ဆေးစေခြင်းတို့ကို ဆရာ ဆရာမများနှင့် တာဝန်ရှိသူများက စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားသည်။

ယခုကဲ့သို့ အခြေခံပညာကျောင်းများ စနစ်တကျဖွင့်လှစ်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများက စာသင်ခန်းများတွင် ကိုဗစ် – ၁၉ စည်းကမ်းများနှင့်အညီ စာသင်ခုံများနေရာချထားခြင်း၊ စာသင်ချိန်များအား စနစ်တကျစီမံထားခြင်း၊ ကျောင်း ကြို/ပို့ယာဉ်များ စီစဉ်ထားခြင်း၊ ကျောင်းများအတွင်း ကိုဗစ် – ၁၉ ရောဂါကြိုတင်ကာကွယ်ရေးအစီအမံများ စီစဉ်ထားခြင်းနှင့် ကျောင်းများဥပဓိရုပ်ကောင်းမွန်စေရေး ကြိုတင်ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများ ယာဉ်အန္တရာယ်နှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့များ၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ ရပ်ရွာအခြေပြု ပြည်သူလူထုလုံခြုံရေးအဖွဲ့များ ပူးပေါင်း၍ အေးချမ်းစွာပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ကလေးမြို့ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်းဝင်းအား PDF အမည်ခံ အကြမ်းဖက်သမားများက မီးပုလင်းများဖြင့် ပစ်ပေါက်မီးရှို့ဖျက်ဆီး


**နေပြည်တော် ဇွန် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ အင်ဒိုင်းကုန်းရပ်ကွက်ရှိ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်းအား PDF အမည်ခံ အကြမ်းဖက်သမားများက မီးပုလင်းဖြင့် ဝင်ရောက်ပစ်ပေါက်မီးရှို့ခဲ့သဖြင့် ကျောင်းဝင်းအတွင်းရှိ ဝန်ထမ်းလိုင်းခန်း မီးလောင်ကျွမ်းပျက်စီးခဲ့ကြောင်း သိရသည်။

**မီးလောင်ကျွမ်းပျက်စီး**

ဖြစ်စဉ်မှာ ကလေးမြို့ အင်ဒိုင်းကုန်းရပ်ကွက်ရှိ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်းသို့ ဇွန် ၂ ရက် ည ၁၀ နာရီခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက ဆိုင်ကယ်ဖြင့်ရောက်ရှိလာပြီး ဒီဇယ်ဆီများထည့်ထားသည့် မီးပုလင်းဖြင့် ဝင်ရောက်ပစ်ပေါက်မီးရှို့ပြီး ထွက်ပြေးသွားခဲ့ကြောင်း၊ ထိုသို့မီးပုလင်း ပစ်ပေါက်မှုကြောင့် ဆရာ ဆရာမများနေထိုင်သည့် သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း အဆောက်အအုံအား ထိမှန်မီးစွဲလောင်ခဲ့ရာ ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ကြောင်း၊ မီးလောင်မှုကြောင့် အဆိုပါ အဆောက်အအုံထရံများ မီးလောင်ကျွမ်းပျက်စီးခဲ့ကြောင်း သိရသည်။





ယခုကဲ့သို့ အနာဂတ်လူငယ်၊ လူရွယ်များ ပညာသင်ကြားမှုများ မပြုလုပ်နိုင်စေရန် ရည်ရွယ်၍ ဆရာ ဆရာမများနေထိုင်သည့် အဆောက်အအုံအား မီးပုလင်းဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့သည့် PDF အမည်ခံ အကြမ်းဖက်သမားများအား အမြန်ဆုံး ဖမ်းဆီးဖော်ထုတ်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

■

# ဘားအံမြို့ရှိ CB ဘဏ်ခွဲ(၂) အား ဓားပြတိုက်မှုကျူးလွန်ခဲ့သည့် PDF အမည်ခံ အကြမ်းဖက်သမားများအား အချိန်တိုအတွင်း ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၃**

NUG၊ CRPH အပါအဝင် ၎င်းတို့၏ လက်အောက်ခံဖြစ်သော PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များနှင့် ကိုယ်ကျိုးစီးပွားတွင် အသုံးပြုရန်အတွက် ပြည်သူလူထုထံမှ အတင်းအဓမ္မ ဆက်ကြေးကောက်ခံခြင်း၊ ဘဏ်များအား လက်နက်ကိုင်ဆောင် အကြမ်းဖက်ဝင်ရောက်၍ ဓားပြတိုက်ခြင်းများကို လုပ်ဆောင်လျက်ရှိသည်။

**ဖမ်းဆီးရမိ**

ထိုသို့ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိရာ ကရင်ပြည်နယ် ဘားအံမြို့ရှိ CB ဘဏ်ခွဲ(၂)အား ယနေ့ညနေပိုင်းတွင် လက်နက်ဖြင့် ခြိမ်းခြောက်၍ ဓားပြတိုက်လုယက်သွားသည့် PDF အမည်ခံ အကြမ်းဖက်သမားများအား ယနေ့ ညနေ ၃ နာရီ မိနစ် ၃၀ တွင် ဘားအံ- မြိုင်ကြီးငူ ကားလမ်း ကြို့ချောင်းကျေးရွာ စစ်ဆေးရေးဂိတ်အနီး၌ လုယက်ယူဆောင်သွားသည့် ငွေကျပ်သိန်း ၁၂၀၀ ကျော်၊ လက်နက်ခဲယမ်းများနှင့်အတူ နာရီပိုင်းအတွင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ PDF အမည်ခံ အကြမ်းဖက်အဖွဲ့မှ ယာဉ်မောင်း သီဟ မောင်းနှင်၍ မောင်မောင်ဦး၊ ကျော်ကျော်၊ ကိုကြက်နှင့် ကုလားတို့ လိုက်ပါလာသည့် Honda Odessy အမျိုးအစား မော်တော်ယာဉ်သည် ယနေ့မွန်းလွဲ ၃ နာရီခန့်တွင် ဘားအံမြို့ အမှတ်(၉)ရပ်ကွက် ရေကျော်လမ်းရှိ CB ဘဏ်ခွဲ(၂) သို့ ရောက်ရှိလာပြီး ဘဏ်အတွင်းသို့ ဝင်ရောက်ကာ လက်နက်ဖြင့် ခြိမ်းခြောက်၍ ဘဏ်အတွင်းရှိ ငွေကျပ် ၁၂၅၄ သိန်းကို ယူဆောင်၍ ထွက်ပြေးသွားခဲ့သည့်အတွက် ဓားပြတိုက်မှုအား ကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများကို ဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အချိန်နှင့်တစ်ပြေးညီ ချိတ်ဆက်၍ ပိတ်ဆို့နိုင်ရေး ဆောင်ရွက်ခဲ့သည်။

အဆိုပါ အကြမ်းဖက်အဖွဲ့သည် ဘားအံ-မြိုင်ကြီးငူလမ်းကြောင်းအတိုင်း မောင်းနှင်ထွက်ပြေးခဲ့ရာ ကြို့ချောင်းကျေးရွာအနီးရှိ စစ်ဆေးရေးဂိတ်သို့ ရောက်ရှိစဉ် လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် ပူးပေါင်းအဖွဲ့က စစ်ဆေးရန် ရပ်တန့်စေခဲ့သော်လည်း ရပ်တန့်ခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေးသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ခြောက်လှန့်ပစ်ခတ်ခဲ့သည်။

ထိုသို့ ခြောက်လှန့်ပစ်ခတ်စဉ် အကြမ်းဖက်သမားများ၏ မော်တော်ယာဉ်မှာ လမ်းဘေးရှိ ချောင်းအတွင်းသို့ ထိုးကျတိမ်းမှောက်ခဲ့ပြီး ယာဉ်ပေါ်ပါ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်သောကြောင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက ပစ်ခတ်ဖမ်းဆီးခဲ့ရာ ယာဉ်မောင်း ဖြစ်သူ သီဟကို အသေဖမ်းဆီးရမိကာ မောင်မောင်ဦးနှင့် ကျော်ကျော်တို့ကို Glock ပစ္စတို တစ်လက်၊ ကျည်အိမ် နှစ်ခု၊ ကျည် ငါးတောင့်၊ ဖုန်း တစ်လုံး၊ ဓားပြတိုက် လုယက်ယူဆောင်ခဲ့သည့် ငွေကျပ် ၁၂၅၄ သိန်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး အကြမ်းဖက်သမား နှစ်ဦးမှာ ထွက်ပြေး လွတ်မြောက်သွားကြောင်း သိရသည်။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်အရ ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် သံလွင်လမ်း အိမ်အမှတ် (၇၇)နေ မောင်မောင်ဦး၊ (၂၆)နှစ် (ဘ) ဦးအောင်မော်သည် လူမှုကွန်ရက်တွင် ခင်မင်ခဲ့သည့် မနှင်း ဆိုသူ အမျိုးသမီးနှင့် ချိတ်ဆက်၍ ကရင်ပြည်နယ် လှိုင်းဘွဲ မြို့နယ် ရှမ်းရွာသစ်ကျေးရွာသို့ လွန်ခဲ့သည့် သုံးလခန့်ကရောက်ရှိကာ အဆိုပါကျေးရွာရှိ CDM လှုပ်ရှားသူများနှင့်အတူ နေထိုင်၍ အကြမ်းဖက်သင်တန်းများ တက်ရောက်ခဲ့ကြောင်း၊ ထိုသို့ နေထိုင်စဉ် ဖြစ်စဉ်တွင် သေဆုံးခဲ့သည့် သီဟဆိုသူက ဆက်သွယ်လာပြီး အလုပ်လုပ်မည်ဟုပြောဆိုကာ သီဟအပါအဝင် အမျိုးသားလေးဦးက ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် Honda Odessy အမျိုးအစား မော်တော် ယာဉ်ဖြင့် ကျေးရွာမုခ်ဦးသို့ လာရောက်ခေါ်ဆောင်၍ ထွက်ခွာခဲ့ရာ ဘားအံမြို့သို့ ညနေ ၃ နာရီခန့်တွင် ရောက်ရှိခဲ့ကြောင်း၊ ၎င်းနောက် CB Bank အား ဓားပြတိုက်ပြီး ထွက်ပြေးစဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း သိရသည်။

ဖမ်းဆီးရမိသူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ၁၀၅ လမ်း၊ ၆၆ လမ်းနှင့် ၆၇ လမ်းကြားရှိ ဝန်ထမ်းအိမ်ရာတွင် နေထိုင်သူ ကျော်ကျော် (၂၁) နှစ် (ဘ) ဦးကျော်ဇေယာ ယခင်က စားသောက်ဆိုင်များတွင် လိုက်လံသီချင်းသီဆို လုပ်ကိုင်ခဲ့သူဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် CDM ပြုလုပ်ထားသည့် ကျောင်းဆရာမဖြစ်သူ မစုဆိုသူနှင့် ခင်မင်ခဲ့ပြီး ၎င်း၏ချိတ်ဆက်ပေးမှုကြောင့် ရှမ်းရွာသစ်ကျေးရွာသို့ ရောက်ရှိ၍ အကြမ်းဖက်သင်တန်းများ တက်ရောက်ခဲ့ကြောင်း၊ ထိုသို့ရောက်ရှိစဉ် ယခင်က ခင်မင်ခဲ့ဖူးသည့် ဘားအံမြို့နေ ထက်မြက်ဆိုသူ၏ ချိတ်ဆက်ပေးမှုဖြင့် ယခုဘဏ်ဓားပြတိုက်မှုဖြစ်စဉ်တွင် ပါဝင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဖြစ်စဉ်တွင် ထွက်ပြေးလွတ်မြောက်သွားသူနှစ်ဦးမှာ ရှမ်းရွာသစ်တွင် နေထိုင်လျက်ရှိသူ PDF အမည်ခံအကြမ်းဖက်သမားများဖြစ်သည့် ကိုကြက်နှင့် ကုလားတို့ ဖြစ်ကြောင်း သိရသည်။

အဆိုပါ လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိသူများအား တရားဥပဒေအရ အမှုဖွင့် အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထွက်ပြေးလွတ်မြောက်သွားသည့် အကြမ်းဖက်သမားများအား အမြန်ဆုံး ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ဘားအံမြို့ အမှတ် (၉)ရပ်ကွက် ရေကျော်လမ်းရှိ CB ဘဏ် ဓားပြတိုက်မှုဖြစ်စဉ်တွင် ဖမ်းဆီးရမိသည့် မှတ်တမ်းဓာတ်ပုံ။




ဘားအံမြို့ အမှတ် (၉)ရပ်ကွက် ရေကျော်လမ်းရှိ CB ဘဏ် ဓားပြတိုက်မှုဖြစ်စဉ် CCTV မှတ်တမ်းဓာတ်ပုံ။



ဘားအံမြို့ အမှတ် (၉)ရပ်ကွက် ရေကျော်လမ်းရှိ CB ဘဏ် ဓားပြတိုက်မှုဖြစ်စဉ်တွင် ဘဏ်တွင်းပျက်စီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**သိမ်းဆည်းခံရနိုင်**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရွန်နစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**အမှုဖွင့်လှစ်အရေးယူ**

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် စည်ပင်ကျေးရွာနေ ဝင်းကြိုင် (၄၉)နှစ်သည် ၎င်းအသုံးပြုသည့် "Win Kyaing" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကျားဟုန်းကျေးရွာနေ မြစိုး (၃၆)နှစ်သည် ၎င်းအသုံးပြုသည့် "Mya Soe" Facebook အကောင့်နှင့် မြောက်ဥက္ကလာပမြို့နယ်နေ စောယုထွေးသည် ၎င်းအသုံးပြုသည့် "Saw Yu Htwe" Facebook အကောင့်၊ (ဃ)ရပ်ကွက်နေ နှင်းဝတ်ရည်အောင်သည် ၎င်းအသုံးပြုသည့် "Wutt Yi Aung" Facebook အကောင့်နှင့် သာကေတမြို့နယ် (၈)ရပ်ကွက်နေ သီဟကိုကို(ခ) သီဟ(ခ) ဗိုလ်အောင်ဒင်သည် ၎င်းအသုံးပြုသည့် "Thi Ha" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၁-၆-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၅) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

(ယမန်နေ့မှအဆက်)

တိုင်းရင်းသားများနှင့် ပတ်သက်ပြီး နိုင်ငံတော်၏ နိုင်ငံရေးအပိုင်းတွင် တိုင်းရင်းသား စည်းလုံးညီညွတ်မှုသည် နိုင်ငံတော်အတွက် အသက်တမျှအရေးပါသည်ဖြစ်၍ တိုင်းရင်းသားညီအစ်ကိုများကြား သံသယများဖယ်ရှားကာ ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးစားတည်ဆောက်လျက်ရှိပါကြောင်း၊ တိုင်းပြည်အတွက် ငြိမ်းချမ်းရေးကို တစ်ရက်စောတည်ဆောက်နိုင်လျှင် ပြည်သူများအတွက် တစ်ရက်စောအကျိုးရှိမည်ဖြစ်ကြောင်း၊ ယင်းကိုလည်း အစိုးရအနေဖြင့် တစိုက်မတ်မတ် လုပ်ဆောင်နေသည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ငြိမ်းချမ်းမှုတည်ဆောက်ရေး လုပ်ငန်းစဉ်များသာမက နိုင်ငံတည်ဆောက်ရေး(State Building)သာမက တိုင်းပြည်တည်ဆောက်ရေး (Nation Building)ကိုပါ ဆောင်ရွက်လျက်ရှိကြောင်း၊ ဥပမာအားဖြင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအနေဖြင့် စာပေဘာသာစကား၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ဓလေ့ထုံးစံများကို ဆောင်ရွက်ခဲ့မှုအနေဖြင့် တိုင်းရင်းသားဘာသာရပ် စာပေသင်ကြားရေး ဆရာ ဆရာမများနေရာတွင် တိုင်းရင်းသား ဘာသာစာပေ သင်ကြားနိုင်သည့် ပြင်ပပုဂ္ဂိုလ် Teaching Assistant (TA) ၁၂၁၂ ဦးနှင့် Language Teacher (LT) နှစ်ဦးတို့ကို ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ခန့်ထားပေးနိုင်ခဲ့ကြောင်း။

**တိုင်းရင်းသားစာပေ သင်ကြားရေး**

ထို့ပြင် တိုင်းရင်းသား ဘာသာရပ်စာပေအသစ်များ ဖြစ်ကြသည့် (တိုင်းခမ်းတီ၊ မော်ကယ် (ဆလုံ)၊ တောင်ရိုး၊ ခမီ၊ သက်) ငါးမျိုးအတွက်လည်း Teaching Assistant(TA) ၁၂၇ ဦးနှင့် Language Teacher(LT) သုံးဦးတို့ကို ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ခန့်ထားပေးနိုင်ခဲ့ကြောင်း၊ လက်ရှိတွင် ကျောင်းသားဦးရေအရ ထပ်မံလိုအပ်နေသည့် Teaching Assistant(TA)နှင့် Language Teacher(LT) ဆရာ ဆရာမများ ခန့်ထားနိုင်ရေးအတွက် လစ်လပ်နေသည့် အခြေခံပညာကျောင်းများတွင် လျှောက်လွှာသစ်များခေါ်ယူ၍ Teaching Assistant(TA)နှင့် Language Teacher (LT) များခန့်ထားနိုင်ရေး စိစစ်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသားများ၏ စာပေနှင့် ယဉ်ကျေးမှုများကို ထင်ဟပ်စေရန်အတွက် တိုင်းရင်းသားစာပေသင်ကြားရေးနှင့် ပတ်သက်သည့် ဆရာဆရာမများကို လစာတိုးမြှင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယင်းသို့ တိုင်းရင်းသားစာပေများ ဖွံ့ဖြိုးတိုးတက်ရေးအပြင် အဆိုပါ တိုင်းရင်းသားဒေသရှိတိုင်းရင်းသားစာပေ အမှန်တကယ်ကျွမ်းကျင်သည့် တိုင်းရင်းသားများကို ပညာအရည်အချင်းလျှော့ပေါ့၍ ကိုးတန်းအောင် တိုင်းရင်းသားများအား ခန့်ထားနိုင်ရေး ဆောင်ရွက်နေသည့်အတွက် တိုင်းရင်းသားလူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိစေကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တိုင်းရင်းသားဘာသာ သင်ကြားနိုင်ရန်အတွက် ပညာရေးဝန်ကြီးဌာနက တိုင်းရင်းသားစာပေ ၇၂ မျိုးအား ခွင့်ပြုသင်ကြားလျက်ရှိပါကြောင်း၊ မိမိတို့၏ ရည်ရွယ်ချက်မှာ မိမိတို့တိုင်းရင်းသားများ၏ စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှုများကို မပျောက်ပျက်အောင် တိုင်းပြည်တည်ဆောက်ရေး(Nation Building)ကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ သင်ရိုးတွင်ပါဝင်သည့် ဘာသာရပ်တိုင်းကို တိုင်းရင်းသားဘာသာများဖြင့် သင်ခြင်းမဟုတ်ဘဲ မြန်မာစာ၊ အင်္ဂလိပ်စာသင်သကဲ့သို့ ဘာသာစကားကိုသာ သင်ကြားပေးခြင်းဖြစ်ကြောင်း၊ သင်ကြားရာတွင်လည်း သက်ဆိုင်ရာတိုင်းရင်းသားများရှိသည့် နေရာများ၌သာ သင်ကြားပေးသွားမည်ဖြစ်ပြီး အစိုးရအနေဖြင့် တိုင်းရင်းသားများနှင့်ပတ်သက်သည့် စာပေ၊ ယဉ်ကျေးမှုများကို အစဉ်အမြဲ အားပေးလျက်ရှိကြောင်း၊ သို့သော်လည်း မိမိတို့ ဂရုပြုရမည်မှာ မိမိတို့နိုင်ငံတွင် ပြဋ္ဌာန်းသတ်မှတ်ထားသည့်ရုံးသုံးဘာသာစကား၊ ရုံးသုံးစာသည် မြန်မာစာနှင့် မြန်မာစကားဖြစ်ကြောင်းကို သတိပြုရမည်ဖြစ်ကြောင်း။

**ရုံးသုံးစာ၊ ရုံးသုံး ဘာသာစကား**

နိုင်ငံတကာ၌လည်း အများအားဖြင့် သတ်မှတ်ထားသည့် ရုံးသုံးစာ၊ ရုံးသုံးဘာသာစကားသည် တစ်မျိုးသာရှိကြောင်း၊ အချို့နိုင်ငံများတွင် နှစ်မျိုးသုံးမျိုးရှိသော်လည်း အများအားဖြင့် ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းထားသည့် နိုင်ငံများတွင် တစ်သမတ်တည်းဖြစ်အောင် သတ်မှတ်ထားကြောင်း၊ ထို့ပြင် တိုင်းရင်းသားတိုင်းသည် နိုင်ငံသားများဖြစ်၍ နိုင်ငံသားဖြစ်ခွင့်ရှိသူများဖြစ်ကြောင်း၊ ထို့ကြောင့် နယ်စပ်ဒေသများတွင် နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများကို နိုင်ငံသားစိစစ်ရေးကတ် အမြန်ရရှိရေး ဥပဒေနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တိုင်းရင်းသား မျိုးနွယ်စုများအနေဖြင့်လည်း မိမိတို့၏ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းအစဉ်အလာများ ဖွံ့ဖြိုးတိုးတက်ပြီး မိမိတို့၏ ရိုးရာယဉ်ကျေးမှုများ မပျောက်ပျက်အောင် မြှင့်တင်ထိန်းသိမ်းရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မတူညီသည့် တိုင်းရင်းသားလူမျိုးစုတို့၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းနှင့် ဘာသာ၊ စာပေတို့သည် ပြည်ထောင်စု၏ အလှတရားဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ၊ ဘာသာစကား၊ စာပေများကို ဖော်ထုတ်ကြသကဲ့သို့ ပြည်ထောင်စု၏ အလှ၊ နိုင်ငံတော်၏အလှကိုလည်း ဖန်တီးပုံဖော်ပေးကြရန် တိုက်တွန်းလိုကြောင်း။

**သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးလုပ်ငန်းစဉ်များ**

ဆက်လက်ပြီး မိုးရာသီအတွင်း ဖြစ်ပေါ်လာမည့် ဆိုင်ကလုန်းမုန်တိုင်းနှင့် သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးလုပ်ငန်းစဉ်များ ပြင်ဆင်ဆောင်ရွက်ထားရှိမှုကိုတင်ပြလိုကြောင်း၊ မြန်မာနိုင်ငံသည် ရာသီဥတုဖောက်ပြန်မှုနှင့် သဘာဝဘေးအန္တရာယ်ကိုလည်း နှစ်စဉ်အနည်းနှင့်အများ ခံနေရသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ မိုးရာသီကာလအတွင်း လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ရေကြီးရေလျှံမှုများဖြစ်ခြင်း စသည်ဖြင့် အခါအားလျော်စွာ ဖြစ်ပေါ်လေ့ရှိကြောင်း၊ ယင်းနှင့်ပတ်သက်ပြီး အမျိုးသားရေးအသွင်ဖြင့် ပုံဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ သဘာဝဘေးအန္တရာယ်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ကိုယ်တိုင်ဦးစီးဆောင်ရွက်သည့် “အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ”ကို ဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်း၊ ကော်မတီအောက်တွင် လုပ်ငန်းကော်မတီများ၊ တိုင်းဒေသကြီး/ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း။

ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနအနေဖြင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ပေးလျက်ရှိသည့် မိုးလေဝသဆိုင်ရာ ကြိုတင်ခန့်မှန်းချက်နှင့် သတိပေးချက်များ အပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာ မိုးလေဝသအေဂျင်စီများ၏ ကြိုတင်ခန့်မှန်းချက်နှင့် အသိပေးချက်များကိုပါ အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်ပြီး လိုအပ်သည့်သတင်းအချက်အလက်များ ရယူပေးလျက်ရှိကြောင်း၊ ဥပမာအားဖြင့် မုန်တိုင်းအန္တရာယ်တစ်ခု ကျရောက်ပါက အရောင်အဆင့် ငါးမျိုးသတ်မှတ်ပြီး သတိပေးမှုများ ပြုလုပ်ပါကြောင်း၊ ယင်းတို့ကို နိုင်ငံပိုင်မီဒီယာများက ထုတ်လွှင့်ပေးလျက်ရှိကြောင်း၊ ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်ပြင်တွင် အပူပိုင်းမုန်တိုင်း စတင်ဖြစ်ပေါ်သည့် အချိန်အခါကို အဝါရောင်အခြေအနေ သတ်မှတ်ကြောင်း၊ ယင်းအဝါရောင်အရေးပေါ်အခြေအနေကို နိုင်ငံပိုင်မီဒီယာများ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပုဂ္ဂလိကပိုင် မီဒီယာများနှင့် FM များမှ တစ်နာရီ နှစ်ကြိမ်မှ သုံးကြိမ်ခန့် သတိပေးချက်များ ထည့်သွင်းထုတ်လွှင့်နေကြောင်း၊ အဝါရောင် အရေးပေါ်အခြေအနေဖြစ်သည့် နေရာဒေသမှ မြန်မာ့ကမ်းရိုးတန်းဒေသသို့ ဦးတည်ရွေ့လျားလာမည်ဆိုလျှင် လိမ္မော်ရောင်အခြေအနေ သတ်မှတ်ထားပြီး မီဒီယာများဖြင့် တစ်နာရီလျှင် သုံးကြိမ်မှ လေးကြိမ်ခန့် အထိ သတိပေးချက်များ ထုတ်လွှင့်သတိပေးကြောင်း။

**အမြဲနားစွင့်မိနေရန်၊ သတိရှိရန်လိုအပ်**

မုန်တိုင်းသည် မြန်မာ့ကမ်းရိုးတန်းဆီသို့ ဦးတည်ရွေ့လျားလာပြီး မြန်မာ့ကမ်းရိုးတန်းသို့မဖြတ်ကျော်မီ ၁၂ နာရီအလိုကို အနီရောင်အရေးပေါ်အခြေအနေ သတ်မှတ်ပြီး အန္တရာယ်ရှိသည့်အဆင့်ဖြစ်ကြောင်း၊ စီမံချက်ပါအတိုင်း ကြိုတင်ပြင်ဆင်ပြီးစီးအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အန္တရာယ်ရှိသည်ဖြစ်၍ လုံခြုံစိတ်ချရသည့်နေရာများကို ပြောင်းရွှေ့နေရာယူရန်ဖြစ်ကြောင်း၊ မုန်တိုင်းအသိပေးချက်ကို မီဒီယာများက တစ်နာရီလျှင် သုံးကြိမ်မှ ခြောက်ကြိမ်ခန့်အထိ အချိန်နှင့်တစ်ပြေးညီ စာတန်းထိုး၍ ကြားဖြတ်အစီအစဉ်ဖြင့် မကြာခဏထုတ်လွှင့်ပေးမှုရှိကြောင်း၊ နိုင်ငံပိုင်မီဒီယာအပြင် တက်ရောက်လာကြသည့် မီဒီယာများအနေဖြင့်လည်း ပြည်သူလူထုကို အသိပေး၊ သတိပေးရန် လိုအပ်သကဲ့သို့ ပြည်သူလူထုအနေဖြင့်လည်း မုန်တိုင်းသတင်းများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာသတင်းများနှင့်ပတ်သက်၍ အမြဲနားစွင့်မိနေရန်၊ သတိရှိရန်လိုအပ်ကြောင်း၊ သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ သတိပေးချက်၊ ကြိုတင်ကာကွယ်မှုများကို လိုက်နာဆောင်ရွက်ပေးရန် ပြောလိုကြောင်း။

**ပြည်သူလူထုအားလုံး သတိပြုနိုင်စေမည့် အချက်အလက်မျိုးများနှင့် ထုတ်ပြန်ပေး**

မုန်တိုင်းသတိပေးချက်များ ထုတ်ပြန်သည့်နေရာတွင် ပြည်သူများအနေဖြင့် မုန်တိုင်း၏တည်နေရာနှင့် မိမိနေထိုင်ရာ အကွာအဝေး၊ မုန်တိုင်း၏ ရွေ့လျားရာလမ်းကြောင်းနှင့် မိမိနေထိုင်ရာ အကွာအဝေး၊ မုန်တိုင်းအမျိုးအစား၊ မုန်တိုင်းဖြတ်ကျော်မည့် ခန့်မှန်းဒေသနှင့် မိမိတို့နေထိုင်ရာအကွာအဝေးတို့ကို သတိပြုရန်လိုအပ်မည်ဖြစ်ကြောင်း၊ ယင်းနှင့်ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် မုန်တိုင်းသတင်းများနှင့် ပတ်သက်ပြီးဖြစ်စေ၊ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်ပြီး ဖြစ်စေ ထုတ်လွှင့်ရာတွင် မီဒီယာများကိုလည်း လမ်းညွှန်မှာကြားထားကြောင်း၊ ထုတ်လွှင့်ရာတွင် ပါးစပ်က ပြောသွားခြင်းမျိုး၊ စာတန်းထိုး ဖော်ပြခြင်းမျိုးမဟုတ်ဘဲ မုန်တိုင်း ရောက်နေသည့်နေရာ၊ ဖြတ်ကျော်နိုင်သည့်နေရာတို့ကို ပြည်သူလူထုအားလုံးသိရှိနိုင်စေမည့် မြေပုံမျိုး၊ ပြည်သူလူထုအားလုံး သတိပြုနိုင်စေမည့် အချက်အလက်မျိုးများနှင့် ထုတ်ပြန်ပေးရန် လုပ်ဆောင်နေကြောင်း၊ ထို့ကြောင့် နိုင်ငံပိုင်မီဒီယာများရော ပုဂ္ဂလိကပိုင်မီဒီယာများကိုပါ ဖြန့်ဝေပြီး ထုတ်ဝေပေးလျက်ရှိကြောင်း။

စာမျက်နှာ ၁၁ သို့





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ၊ အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မွန်ပြည်နယ်အတွင်းရှိ သဘာဝဘေးအန္တရာယ်သင့် ပြည်သူများအား သဘာဝဘေးအန္တရာယ်ကူညီထောက်ပံ့ရေးပစ္စည်းများပေးအပ်

❍ စာမျက်နှာ ၁၀ မှ

ပြီးခဲ့သည့် မေ ၂၀ ရက်တွင် လေပြင်းမုန်တိုင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုများ၊ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ဒေသအချို့တို့တွင် အချိန်မီသတိပေးနိုင်မှုနှင့် ကာကွယ်စောင့်ရှောက်ပေးနိုင်မှုများ ရှိခဲ့ကြောင်း၊ ပြည်နယ်အစိုးရ၏ မှန်ကန်သည့် စုဖွဲ့မှု၊ ကောင်းမွန်သည့် ဇာတ်တိုက်လေ့ကျင့်မှု၊ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ၂၄ နာရီအတွင်း ဖြစ်ပေါ်ခဲ့သည့် ပြဿနာအခက်အခဲများကို ဖြေရှင်းပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဘေးအန္တရာယ်ကယ်ဆယ်ရေးဆောင်ရွက်ရာတွင် အစိုးရအနေဖြင့် "အသက်ရှင်ကျန်ရစ်သူတိုင်း ရှင်သန်ရပ်တည်နိုင်ရမည်" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်အစိုးရ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် လူမှုအဖွဲ့အစည်းများ ပူးပေါင်းပြီး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အစိုးရအနေဖြင့် သဘာဝဘေးအန္တရာယ်သင့် ပြည်သူများကို ထောက်ပံ့မှုများ အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရန် နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် ကယ်ဆယ်ရေးပစ္စည်းသိုလှောင်ရုံ စုစုပေါင်း ၁၃၄ ခု ဖွင့်လှစ်ထားရှိပြီး ကယ်ဆယ်ရေးပစ္စည်းများကို သတ်မှတ် အိမ်ထောင်စုများအတိုင်း အဆင့်ဆင့် အဆင်သင့်သိုလှောင်ထားရှိကြောင်း၊ သဘာဝဘေးအန္တရာယ် ကျရောက်လာပါက အရေးပေါ်ခိုလှုံရန်နေရာများအဖြစ် ဘေးဒဏ်ခံအဆောက်အအုံ (Shelter) များကို တိုင်းဒေသကြီး/ပြည်နယ် ၁၁ ခုတွင် တည်ဆောက်ထားရှိရာ စုစုပေါင်း ၂၁၉ လုံး တည်ဆောက်ပြီးဖြစ်ရာ ၂၃ လုံးမှာ တည်ဆောက်ဆဲဖြစ်ကြောင်း၊ သဘာဝဘေးဖြစ်ပွားချိန်တွင် ရှာဖွေကယ်ဆယ်ရေး ဘေးလွတ်ရာရွှေ့ပြောင်းခြင်းအပါအဝင် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် စက်လှေ၊ အသက်ကယ်အင်္ကျီများကိုလည်း တိုင်းဒေသကြီး/ပြည်နယ်များအလိုက် လိုအပ်ချက်ပေါ်မူတည်ပြီး ကြိုတင်ဖြန့်ခွဲထားရှိကြောင်း၊ ၂၀၂၂ ခုနှစ် မေလအထိ စုစုပေါင်း စက်လှေ ၄၉၆ စင်းကို လိုအပ်သည့်နေရာများတွင် ဖြန့်ခွဲထားရှိပါကြောင်း၊ တပ်မတော်အနေဖြင့်လည်း သဘာဝဘေးအန္တရာယ် ကျရောက်ပါက ကူညီဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်ထားရှိကြောင်း၊ ယခင်တပ်မတော်သတင်းစာရှင်းလင်းပွဲများကတည်းကတိုင် အားလုံးသိပြီးဖြစ်မည်ဖြစ်ကြောင်း။

**သဘာဝဘေးအန္တရာယ်သင့်ပြည်သူများကို ထောက်ပံ့မှုများ အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရန် နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် ကယ်ဆယ်ရေးပစ္စည်းသိုလှောင်ရုံစုစုပေါင်း ၁၃၄ ခု ဖွင့်လှစ်ထားရှိပြီး ကယ်ဆယ်ရေးပစ္စည်းများကို သတ်မှတ်အိမ်ထောင်စုများအတိုင်း အဆင့်ဆင့် အဆင်သင့် သိုလှောင်ထားရှိကြောင်း၊ သဘာဝဘေးအန္တရာယ် ကျရောက်လာပါက အရေးပေါ် ခိုလှုံရန်နေရာများအဖြစ် ဘေးဒဏ်ခံအဆောက်အအုံ(Shelter)များကို တိုင်းဒေသကြီး/ပြည်နယ် ၁၁ ခုတွင် တည်ဆောက်ထားရှိရာ စုစုပေါင်း ၂၁၉ လုံး တည်ဆောက်ပြီးဖြစ်ရာ ၂၃ လုံးမှာ တည်ဆောက်ဆဲဖြစ်**

**အမိန့်စောင့်စရာမလိုဘဲ သွားရောက်ကူညီ**

ယခု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ယခင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်ထမ်းဆောင်စဉ်ကတည်းက ၂၀၁၇ ခုနှစ်တွင် သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်ပြီး တပ်မတော် တပ်ရင်း/တပ်ဖွဲ့အသီးသီးကို အပြီးသတ် ညွှန်ကြားထားပြီးဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ် ကျရောက်လာပါက တပ်မတော်တပ်ရင်း/တပ်ဖွဲ့အသီးသီးအနေဖြင့် အမိန့်စောင့်စရာမလိုဘဲ သဘာဝဘေးအန္တရာယ်ကျရောက်သည့်နေရာတွင် မိမိတွင်ရှိသည့် အင်အားနှင့် မိမိတွင်ရှိသည့် စွမ်းအားဖြင့် အမြန်ဆုံးသွားရောက်ကူညီရန်အတွက် အမိန့်ပေးပြီးဖြစ်ကြောင်း၊ ပြီးမှသာ ပြန်လည်တင်ပြခြင်းများ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အချိန်မီကူညီကယ်ဆယ်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆောင်ရွက်ရမည့် ဌာနဆိုင်ရာများ၊ စစ်ဘက်/နယ်ဘက်တာဝန်ရှိသူများ အနေဖြင့် အချိန်နှင့်တစ်ပြေးညီ စီမံချက်ပါအတိုင်း ဆောင်ရွက်နိုင်ရေး လက်တွေ့ဇာတ်တိုက်လေ့ကျင့်မှုများရှိသကဲ့သို့ ပြည်သူများပါဝင်လာသည်အထိ စည်းရုံးဆောင်ရွက်လျက်ရှိကြောင်းနှင့် အဖွဲ့အစည်းအားလုံးလက်တွေ့မြေပြင်တွင် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် ညီညီညွတ်ညွတ်နှင့် ပူးပေါင်းလုပ်ဆောင်လျက်ရှိကြောင်း။

**မျောက်ကျောက်ရောဂါ**

ဆက်လက်၍ အထွေထွေအကြောင်းအရာများကို ပြောကြားသွားမည်ဖြစ်ကြောင်း၊ ပထမဆုံးအကြောင်းအရာအနေဖြင့် လူမှုကွန်ရက်စာမျက်နှာများတွင် ပျံ့နှံ့နေသည့် မျောက်ကျောက်ရောဂါအကြောင်းဖြစ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက ကျန်းမာရေးဝန်ကြီးဌာနက ထပ်မံရှင်းပြမည်ဖြစ်ကြောင်း၊ မျောက်ကျောက်ရောဂါ (Monkeypox)သည် တိရစ္ဆာန်များမှ လူကိုကူးစက်နိုင်သည့် ဗိုင်းရပ်စ်ရောဂါပိုး (Orthopoxvirus) ဖြစ်ပြီး ကျောက်ကြီးမျိုးနွယ်ဝင်ရောဂါပိုးဖြစ်ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ ၂၀၂၂ ခုနှစ် မေ ၂၁ ရက်အထိ အာဖရိကဒေသ ပြင်ပနိုင်ငံ ၁၂ နိုင်ငံတွင် အတည်ပြုလူနာ ၉၂ ဦးနှင့် သံသယလူနာ ၂၈ ဦးရှိပြီး ရောဂါကြောင့် သေဆုံးသူမရှိသေးဟု သိရှိရကြောင်း။

လူအချင်းချင်း ကူးစက်မှုအနေဖြင့် ရောဂါပိုးရှိသူ၏ နှာရည်၊ ချွဲသလိပ်များ၊ အရေပြား ထိခိုက်ဒဏ်ရာများမှတစ်ဆင့် ကူးစက်နိုင်သည်ဟု သိရကြောင်း၊ ရောဂါလက္ခဏာများအနေဖြင့် အဆင့်နှစ်ဆင့်ရှိကြောင်း၊ ပထမအဆင့်တွင် အဖျားကြီးခြင်း၊ ပြင်းပြင်းထန်ထန်ခေါင်းကိုက်ခြင်း၊ ရောင်ရမ်းခြင်းများ ဖြစ်တတ်ပါကြောင်း၊ ဒုတိယအဆင့်အနေဖြင့် ဖျားပြီး တစ်ရက်မှ သုံးရက်အကြာတွင် အရေပြားပေါ်တွင် အနီကွက်များနှင့် အဖုအပိမ့်များထွက်ပေါ်လာတတ်ကြောင်း၊ ကိုယ်ခန္ဓာအတွင်း ရောဂါပိုး စတင်ဝင်ရောက်ချိန်မှ ရောဂါလက္ခဏာပြသည်အထိ ခြောက်ရက်မှ ၁၃ ရက်ခန့်အထိ ကြာမြင့်နိုင်ကြောင်း၊ ရောဂါလက္ခဏာများသည် ယေဘုယျအားဖြင့် နှစ်ပတ်မှ ခြောက်ပတ်ခန့်အထိ ကြာမြင့်ပြီးနောက်သဘာဝအလျောက်ပျောက်ကင်းနိုင်သည်ဟု သိရကြောင်း၊ မြန်မာနိုင်ငံ၌ ဖြစ်ပွားလေ့ရှိသည့် ရေကျောက်ရောဂါသည် မျောက်ကျောက်ရောဂါနှင့် သဘောသဘာဝချင်းမတူညီသလို ရောဂါလက္ခဏာလည်း ကွဲပြားကြောင်း၊ ထို့ကြောင့် အရေပြားပေါ်၌ အဖုအပိမ့်များထွက်ရာတွင် အားလုံးကို မျောက်ကျောက်ရောဂါဟု ထင်မှတ်မှားပြီး အလွန်စိုးရိမ်မနေဘဲ နီးစပ်ရာ ဆေးရုံ/ဆေးခန်းများကို သတင်းပို့ပြီး စစ်ဆေးကုသမှုခံယူရန် လိုအပ်ကြောင်း ပြည်သူလူထုကို ဦးစွာအသိပေးလိုကြောင်း။

**ကမ္ဘာ့ကပ်ရောဂါအသွင်**
**ပြန့်ပွားနိုင်ခြေ နည်းပါး**

မျောက်ကျောက်ရောဂါသည် ကိုဗစ်-၁၉ ရောဂါကဲ့သို့ ကမ္ဘာ့ကပ်ရောဂါအသွင် ပြန့်ပွားနိုင်ခြေ နည်းပါးသော်လည်း ရောဂါပိုးသယ်ဆောင်သူမှတစ်ဆင့် ၎င်းနှင့် ထိတွေ့မိသည့်လူများတွင် ကူးစက်နိုင်ခြေများသည့်အတွက် ရောဂါကာကွယ်ရေးနည်းလမ်းများကို ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားပြီး သတိပြုလိုက်နာရန်လိုပါကြောင်း၊ ယခင်ကာကွယ်ရေးနည်းလမ်းများသာဖြစ်ပြီး ခက်ခဲသည့်နည်းလမ်းများမဟုတ်ကြောင်း၊ အသားစိမ်းများကို ကျက်အောင်ချက်ပြုတ်ပြီးမှစားရန်၊ တောရိုင်းတိရစ္ဆာန်များနှင့် အကာအကွယ်မရှိဘဲ မထိတွေ့ရန်၊ တိရစ္ဆာန်များကို ထိတွေ့မှုရှိခဲ့လျှင် လက်ကို ဆပ်ပြာဖြင့် ဆေးကြောရန်၊ သံသယဖြစ်ဖွယ်လူနာများနှင့် ထိတွေ့ပါက Alcohol ပါဝင်သည့် လက်သန့်ဆေးရည်များနှင့် စနစ်တကျ ဆေးကြောရန်လိုအပ်ကြောင်း၊ သံသယဖြစ်ဖွယ်လက္ခဏာခံစားရပါက အခြားသူများနှင့် ထိတွေ့မှုမရှိစေရန် ဂရုပြုနေထိုင်ရမည်ဖြစ်ပြီး နီးစပ်ရာ ဆေးရုံ/ဆေးခန်းများကို အမြန်ဆုံးသွားရောက်ပြသကာ စစ်ဆေးကုသမှုခံယူကြရမည်ဖြစ်ကြောင်း၊ မိဘပြည်သူများအနေဖြင့် မျောက်ကျောက်ရောဂါနှင့်ပတ်သက်၍ အလွန်အမင်းစိုးရိမ်စရာမလိုဘဲ ရိုးရှင်းသည့်ရောဂါကာကွယ်ရေးနည်းလမ်းများကို သတိပြုလိုက်နာကြရန်နှင့် ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိနှင့် နေထိုင်သွားကြရန်လိုအပ်ကြောင်း။

**အပ်နှံပြီးသူ ၅ ဒသမ ၂ သန်းရှိ**

၂၀၂၂-၂၀၂၃ ပညာသင်နှစ်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပြောလိုကြောင်း၊ ပြီးခဲ့သည့် (၁၄)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင်လည်း တင်ပြခဲ့ပြီးဖြစ်ကြောင်း၊ ယင်းပညာသင်နှစ်အတွက် အစိုးရ၊ ကျောင်းသားမိဘနှင့် ကျောင်းသား၊ ကျောင်းသူများက များစွာမျှော်လင့်မှုရှိကြောင်း၊ အစိုးရပိုင်းအနေဖြင့် ပညာသင်နှစ်အစတွင် ကျောင်းဥပဓိရုပ်ရှိစေရေးအတွက် မြို့နယ်အဆင့်အထိ ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် မေ ၂၆ ရက်မှ ဇွန် ၁ ရက်အထိ ကျောင်းအပ်နှံရေးရက်သတ္တပတ်အဖြစ် ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းအပ်နှံရေးဆောင်ရွက်သည့်အခါ မိမိတို့အနေဖြင့် ကျောင်းအပ်နှံသည့် စာရင်းများနှင့် ပတ်သက်ပြီး တွက်ချက်သည့် နေရာတွင် ယမန်နှစ်က ကျောင်းအပ်နှံမှုစာရင်းဖြင့် တွက်ချက်ရကြောင်း၊ ထိုသို့တွက်ချက်ရသည်မှာ တန်းစဉ်ကူးပြောင်းမှုများ ရှိကြောင်း။

လွယ်လွယ်ပြောရမည်ဆိုပါက ယခုနှစ် တစ်တန်းတက်သူသည် လာမည့်နှစ်တွင် နှစ်တန်းတက်ရမည်ဖြစ်ကြောင်း၊ နှစ်တန်းတက်သူများက နောက်နှစ် သုံးတန်း တက်ရောက်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယင်းအပေါ်မူတည်ပြီး ယခင်နှစ်က မည်မျှအပ်ခဲ့ကြောင်း၊ ယခုနှစ်တွင် မည်မျှအပ်သည်ကိုမူတည်ပြီး တွက်ကြောင်း၊ ယခင်နှစ်အပ်နှံမှု ၅ ဒသမ ၃ သန်းရှိကြောင်း၊ ယခုနှစ်တွင် မေ ၃၁ ရက်အထိ အပ်နှံပြီးသူ ၅ ဒသမ ၂ သန်းရှိပြီး ၉၉ ဒသမ ၂၄ ရာခိုင်နှုန်း အပ်နှံပြီး ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ အပ်နှံမှုများ တွက်ချက်ရာတွင်လည်း ယခင်နှစ် အပ်နှံမှုကိုအခြေခံပြီး တွက်ချက်ရကြောင်း၊ တချို့တိုင်းဒေသကြီး/ ပြည်နယ်အလိုက် အပ်နှံမှုများကို ပြောလိုကြောင်း၊ ကချင်ပြည်နယ်တွင် စာရင်းရှိ ၁၈၅၀၀၀ ကျော်ဖြစ်ကြောင်း၊ ၃၁ ရက်အထိ ကျောင်းအပ်နှံမှု စာရင်း ၁၈၇၀၀၀ ကျော်ဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် ၁၀၁ ဒသမ ၀၈ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ကယားပြည်နယ်စာရင်းရှိ ယခင်နှစ်က ၅၁၈၁ ဦးဖြစ်ပါကြောင်း၊ ယခုနှစ်ကျောင်းအပ်နှံမှု ၁၂၂၄ ဦးဖြစ်ပြီး ၂၃၅ ဒသမ ၉၄ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ကရင်ပြည်နယ်တွင် စာရင်းရှိ ၁၅၆၀၀၀ ကျော်ဖြစ်ကြောင်း၊ ယခုနှစ် ကျောင်းအပ်နှံမှုစာရင်း ၂၁၁၀၀၀ ကျော်ဖြစ်ပြီး ၁၃၅ ဒသမ ၄၁ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ချင်းပြည်နယ်တွင် ယခင်နှစ်က ၃၂၉၀၄ ဦးဖြစ်ကြောင်း၊ ယခုနှစ် ကျောင်းအပ်နှံမှု ၂၂၀၄၃ ဦးဖြစ်ပြီး ၆၆ ဒသမ ၉၉ ရာခိုင်နှုန်းဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခင်နှစ်က ၂၇၉၇၃၅ ဦးဖြစ်ကြောင်း၊ ယခုနှစ်တွင် ၁၃၈၀၀၀ ကျော်ဖြစ်ပြီး ၄၉ ဒသမ ၄၅ ရာခိုင်နှုန်းဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီးတွင် ယခင်နှစ်က ၃၅၃၀၀၀ ကျော်ဖြစ်ကြောင်း၊ ယခုနှစ် ၃၅၅၀၀၀ ကျော်ဖြစ်ပြီး ၁၀၀ ဒသမ ၅၄ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ယခင်နှစ်က ၅၈၇၀၀၀ ကျော်ဖြစ်ကြောင်း၊ ယခုနှစ် ၆၉၆၀၀၀ ကျော်ဖြစ်ပြီး ၁၁၈ ဒသမ ၅၆ ရာခိုင်နှုန်း ဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ယခင်နှစ်က ၈၃၃၀၀၀ ကျော်ဖြစ်ကြောင်း၊ ယခုနှစ်တွင် ၉၁၇၀၀၀ ကျော်ဖြစ်ပြီး ၁၁၀ ဒသမ ၁၂ ရာခိုင်နှုန်းဖြစ်ကြောင်း၊ လက်ရှိ အနေအထားအရ ဧရာဝတီတိုင်းဒေသကြီးတွင် ကျောင်းအပ်နှံမှုအများဆုံးမှာ ၉၁၇၇၂၇ ဦးဖြစ်ပါကြောင်း၊ ချင်းပြည်နယ်တွင် အနည်းဆုံးဖြစ်ပြီး ၂၂၀၀၀ ကျော်သာ ကျောင်းအပ်နှံနိုင်ကြောင်း။

**ပညာတတ်မြောက်ရေး၏**
**ကနဦးခြေလှမ်း**

ကျောင်းနေအရွယ် ကလေးငယ်များနှင့်ပတ်သက်ပြီး အားလုံးကျောင်းနေနိုင်ရေးလုပ်ငန်းများကို အစိုးရနှင့် တာဝန်ရှိသူများက ပူးပေါင်း၍ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း (KG+9) (အခြေခံပညာအလယ်တန်း) အဆင့်ပြီးဆုံးသည်အထိ ပညာသင်ကြားနိုင်ရန် ရည်မှန်းချက်ထား ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ (KG+9) ပြီးဆုံးသည့်အခါ အသက်မွေးဝမ်းကျောင်းပညာသင်ကြားသည့် ကျောင်းများကို ဆက်လက်တက်ရောက်နိုင်ပြီး လုပ်ငန်းခွင်ဝင်ရောက်နိုင်မည်ဖြစ်သကဲ့သို့ သတ်မှတ်သည့် အရည်အချင်းပြည့်မီပါက အဆင့်မြင့်ပညာများ ဆက်လက်သင်ယူနိုင်မည်ဖြစ်ကြောင်း၊ ပညာသင်ယူခွင့် အခွင့်အလမ်းများ ဆုံးရှုံးနစ်နာမှုမရှိစေရေးနှင့် ကျောင်းသား ကျောင်းသူများ ပညာသင်ယူခွင့်ရရှိရေးအတွက် ကျောင်းအပ်နှံရေး ဆောင်ရွက်မှုသည် ကျောင်းသားတစ်ဦး ပညာတတ်မြောက်ရေး၏ ကနဦးခြေလှမ်းပင်ဖြစ်ကြောင်း၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းအပ်နှံရေး လှုပ်ရှားဆောင်ရွက်မှုများကို ပုံများဖြင့် ဖော်ပြထားကြောင်း၊ တက်ရောက်လာသည့် မီဒီယာသမားများအနေဖြင့် မိဘတစ်ဦးနေရာမှ ခံစားကြည့်စေလိုကြောင်း၊ ကျောင်းသားများ တက်ကြွသလို မိဘများလည်း ကြည်နူးတက်ကြွနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

(ဆက်လက်ဖော်ပြပါမည်)

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၅ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၂၇ ရာခိုင်နှုန်းရှိ

## ကိုဗစ် - ၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၃-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း အား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၆၃၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၅) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၂၂၄,၆၆၂) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၃,၃၇၀) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၀) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၃၂၂) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိသေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန်လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချိုအစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား/ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်းကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှု အခြေအနေ (၃-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၄၅၂) ခု | (၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁၅) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၃၀) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၄၀၀) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၅၅) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၈၈၂) ခု | (၁၂) ဦး |
| **စုစုပေါင်း** | **(၅,၆၃၄) ခု** | **(၁၅) ဦး** |

ကျန်းမာရေးဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၆၂၇၁၂၈၃ | ၈၂၃၉၄၁၈၄ | ၁၀၃၂၈၆၂ |
| ၂။ | အိန္ဒိယ | ၄၃၁၆၉၅၉၉ | ၄၂၆၂၂၇၅၇ | ၅၂၄၆၅၁ |
| ၃။ | ဘရာဇီး | ၃၁၁၀၁၂၉၀ | ၃၀၀၅၄၅၉၉ | ၆၆၆၉၇၈ |
| ၄။ | ပြင်သစ် | ၂၉၅၇၀၇၆၂ | ၂၈၉၈၁၉၁၇ | ၁၄၈၄၂၆ |
| ၅။ | ဂျာမနီ | ၂၆၄၆၉၅၃၁ | ၂၅၅၁၅၅၀၀ | ၁၃၉၆၁၆ |
| ၆။ | ဗြိတိန် | ၂၂၃၀၅၈၉၃ | ၂၁၉၅၄၁၄၁ | ၁၇၈၇၄၉ |
| ၇။ | ရုရှား | ၁၈၃၄၃၉၆၄ | ၁၇၇၅၅၁၉၄ | ၃၇၉၃၆၃ |
| ၈။ | တောင်ကိုရီးယား | ၁၈၁၄၁၈၃၅ | ၁၇၇၇၁၁၄၅ | ၂၄၂၂၉ |
| ၉။ | အီတလီ | ၁၇၄၅၇၉၅၀ | ၁၆၆၃၅၂၁၅ | ၁၆၆၈၃၅ |
| ၁၀။ | တူရကီ | ၁၅၀၇၂၇၄၇ | ၁၄၉၇၁၂၅၆ | ၉၈၉၆၅ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၂၃၆၇၃ | ၉၄၈၆၈၀၆ | ၄၃၀၈၀ |
| ၂။ | အင်ဒိုနီးရှား | ၆၀၅၆၀၁၇ | ၅၈၉၆၂၉၀ | ၁၅၆၆၀၄ |
| ၃။ | မလေးရှား | ၄၅၁၀၁၉၆ | ၄၄၅၁၃၀၈ | ၃၅၆၈၀ |
| ၄။ | ထိုင်း | ၄၄၆၀၅၅၆ | ၄၃၉၅၅၄၅ | ၃၀၁၁၆ |
| ၅။ | ဖိလစ်ပိုင် | ၃၆၉၁၁၁၄ | ၃၆၂၈၂၁၇ | ၆၀၄၅၆ |
| ၆။ | စင်ကာပူ | ၁၃၁၀၆၁၆ | ၁၂၂၆၄၇၃ | ၁၃၈၉ |
| ၇။ | မြန်မာ | ၆၁၃၃၇၀ | ၅၉၂၃၂၂ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၀၀၆၁ | ၂၀၈၃၄၄ | ၇၅၆ |
| ၉။ | ဘရူနိုင်း | ၁၄၉၆၇၉ | ၁၄၇၅၈၅ | ၂၂၃ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၂၀၅ | ၃၀၅၆ |

## အသက်ငါးနှစ်မှ ၁၂ နှစ်ကြား ကျောင်းသား ကျောင်းသူများအား ကိုဗစ်ကာကွယ်ဆေး ထိုးနှံ



ညောင်လေးပင် ဇွန် ၃

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်၍ ကျောင်းများရှိ အသက်ငါးနှစ်မှ ၁၂ နှစ်ကြား၊ ၁၂ နှစ်မှ ၁၇ နှစ်အထိ ကျောင်းသား ကျောင်းသူများအား ဇွန် ၂ ရက်က ကိုဗစ်ကာကွယ်ဆေး စတင်ထိုးနှံပေးခဲ့သည်။

**ထိုးနှံပေး**

ကိုဗစ်ကာကွယ်ဆေး စတင်ထိုးနှံပေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန် ဒေါက်တာသဲဝတ်ရည်ထွန်းနှင့် သူနာပြုဆရာမများက အသက်ငါးနှစ်မှ ၁၂ နှစ်ကြား ကျောင်းသား ကျောင်းသူများအား Sinopharm ကာကွယ်ဆေးနှင့် အသက် ၁၂ နှစ်မှ ၁၇ နှစ်အထိ ကျောင်းသား ကျောင်းသူများအား Myancopharm ကာကွယ်ဆေးများ စတင်ထိုးနှံပေးခဲ့ကြသည်။

ကိုဗစ်ကာကွယ်ဆေးထိုးရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်နှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

# ဂျပန်နိုင်ငံ၌ လူနာ၏ သုံးဖက်မြင်ပုံရိပ်အသုံးပြု၍ ပါကင်ဆန်ရောဂါကုသမည်

**တိုကျို ဇွန် ၃**

ဂျပန်နိုင်ငံ ဂျွန်တင်ဒိုတက္ကသိုလ်နှင့် နည်းပညာကုမ္ပဏီတစ်ခု ပူးပေါင်းပြီး ပါကင်ဆန်ရောဂါခံစားနေရသူများအတွက် လူနာ၏ ကိုယ်ခန္ဓာအပေါ် သုံးဖက်မြင်ပုံရိပ်များအသုံးပြု၍ ကွန်ပျူတာမှတစ်ဆင့် စစ်ဆေးကုသသည့်နည်းစနစ်ကို အသုံးပြုကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါရောဂါကုသရေးနည်းစနစ်အား ဂျွန်တင်ဒိုကုမ္ပဏီက ဇွန် ၃ ရက်တွင် စတင်မိတ်ဆက်အသုံးပြုခဲ့ကြောင်း သိရသည်။

ဂျပန်ပင်လယ်၏ ကမ်းရိုးတန်းဒေသဖြစ်သည့် အီရှီကာဝါခရိုင်ရှိ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဂေဟာရှိ သက်ကြီးရွယ်အိုများအား ယခုရောဂါကုသသည့်နည်းဖြင့် စတင်ကုသပေးခဲ့ကြောင်း သိရသည်။ ထိုကဲ့သို့ပါကင်ဆန်ရောဂါကုသရာတွင် အထူးနားကြပ်တပ်ဆင်ထားသည့်ဆရာဝန်က ကွန်ပျူတာမှတစ်ဆင့် လူနာခံစားနေရသည့် ရောဂါလက္ခဏာများကိုစစ်ဆေးကာ တစ်ချိန်တည်းမှာပင် လူနာ၏ သုံးဖက်မြင်ပုံရိပ်များကို ကြည့်ရှုနိုင်ပြီး လူနာ၏ ရောဂါကုသမှုခံယူနိုင်စွမ်းကိုပါစစ်ဆေးသွားမည်ဖြစ်သည်။ ပါကင်ဆန်ရောဂါသည် အာရုံကြောကစဉ့်ကလျားဖြစ်သည့် ရောဂါဖြစ်ပြီး လူနာ၏ လက်ခြေများတုန်ခြင်းနှင့် တောင့်တင်းခြင်းတို့ ခံစားရလေ့ရှိသည်။ နိုင်ငံတစ်ဝန်း သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဂေဟာများရှိ ပါကင်ဆန်ရောဂါခံစားနေရသူ သက်ကြီးရွယ်အိုများအတွက် အဆိုပါ ပါကင်ဆန်ရောဂါကုသရေးနည်းစနစ်ကို ဖြန့်ဖြူးပေးသွားနိုင်မည်ဟု မျှော်လင့်ကြောင်း ဂျွန်တင်ဒိုတက္ကသိုလ်က ပြောကြားသည်။ ယခုစတင်သုံးစွဲသည့် ပါကင်ဆန်ရောဂါကုသရေးနည်းလမ်းသည် အဆင့်မြင့်ရောဂါကုသရေးနည်းလမ်းဖြစ်ပြီး ဆရာဝန်နှင့်တိုက်ရိုက်ကုသသကဲ့သို့ပင် အကျိုးကျေးဇူးရှိကြောင်း အဆိုပါတက္ကသိုလ်မှ တွဲဖက်ပါမောက္ခ အိုယာမာဂျန်ကိုက ပြောကြားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-စိုးသူရ**

## ဘရာဇီးနိုင်ငံရှိ အသက် ၅၀ နှင့်အထက်ပြည်သူများအား ကာကွယ်ဆေး ဒုတိယအကြိမ်ထပ်ဆောင်းထိုးနှံမည်



**ဆော်ပေါ်လို ဇွန် ၃**

ဘရာဇီးအစိုးရက နိုင်ငံအတွင်းရှိ အသက် ၅၀ နှင့်အထက်ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ်ထပ်ဆောင်းထိုးနှံပေးရန် စီစဉ်လျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီး မာဆယ်လိုကွာရိုဂါက ပြောကြားသည်။

အဆိုပါကာကွယ်ဆေး ဒုတိယအကြိမ်ထပ်ဆောင်းထိုးနှံမှုစတင်မည့်ရက်ကို မကြာမီထုတ်ပြန်ကြေညာသွားမည်ဖြစ်သည်။

ယခင်က အသက် ၆၀ နှင့်အထက် ပြည်သူများကိုသာ ကာကွယ်ဆေး ဒုတိယအကြိမ်ထပ်ဆောင်းထိုးနှံပေးရန် စီစဉ်ခဲ့သော်လည်း ယခုအချိန်တွင် အသက် ၅၀ နှင့်အထက်ပြည်သူများကိုပါ အဆိုပါအစီအစဉ်တွင် ထည့်သွင်းသွားမည်ဖြစ်ကြောင်း ဝန်ကြီး ရိုဂါက ဆိုသည်။

ပထမအကြိမ်ကာကွယ်ဆေး ထပ်ဆောင်း ထိုးနှံပေးပြီးနောက် လေးလခန့်အကြာတွင် ကာကွယ်ဆေး ဒုတိယအကြိမ်ထပ်ဆောင်းထိုးနှံပေးရန် စီစဉ်ခြင်းဖြစ်သည်။

လက်ရှိတွင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ ပြန်လည်မြင့်တက်လာပြီး သေဆုံးမှုနှင့် ဆေးရုံသို့တက်ရောက်ကုသမှုနှုန်းများလည်း မြင့်တက်လာသည်။ ရောဂါကူးစက်မှုနှုန်းများ လျော့ကျစေရန် အလုံပိတ်အခန်းများတွင် နှာခေါင်းစည်းများ ဝတ်ဆင်ထားရန်လိုအပ်ကြောင်း ပြည်နယ်များရှိ အာဏာပိုင်များက ပြည်သူများအား တိုက်တွန်းပြောကြားသည်။

လက်ရှိတွင် ပြည်သူ ၁၆၆ ဒသမ ၁ သန်း (လူဦးရေ ၇၇ ဒသမ ၄ ရာခိုင်နှုန်း)အား ကာကွယ်ဆေးအပြည့်အဝထိုးနှံပေးပြီးဖြစ်သည်။ ယင်းတို့အနက် ၉၃ သန်းသည် ကာကွယ်ဆေး ပထမအကြိမ် ထပ်ဆောင်းထိုးနှံမှုခံယူပြီးဖြစ်ပြီး ၃ ဒသမ ၅ သန်းသည် ကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ ဘာသာပြန်- အောင်ကျော်ကျော်**

## ဗီယက်နမ်နိုင်ငံတောင်ပိုင်း ဟိုချီမင်းမြို့တော်တွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုမြင့်တက်လာ

**ဟိုချီမင်းစီးတီး ဇွန် ၃**

ဗီယက်နမ်နိုင်ငံတောင်ပိုင်း ဟိုချီမင်းမြို့တော်အတွင်း ယခုနှစ် ဇန်နဝါရီလမှ မေလအတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ အများအပြားတွေ့ရှိရပြီး ယခုတွေ့ရှိရသည့် ရောဂါကူးစက်သူအရေအတွက်သည် ယမန်နှစ်အလားတူအချိန်ကထက် ခုနစ်ဆများပြားကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ယမန်နေ့တွင် ပြောကြားသည်။

### လိုက်နာဆောင်ရွက်

စာသင်ကျောင်းများတွင် အမှိုက်စွန့်ပစ်မှုများမှတစ်ဆင့် ဖြစ်ပွားသည့် သွေးလွန်တုပ်ကွေးရောဂါကူးစက်မှုများ မြင့်တက်လာသဖြင့် စာသင်ကျောင်းများအနေဖြင့် ကျန်းမာရေးဆိုင်ရာစည်းမျဉ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ကြောင်း ဟိုချီမင်းမြို့ပြည်သူ့ကော်မတီ ဥက္ကဋ္ဌ ဒေါင်အမ်ဒတ်က ပြောကြားသည်။

ဟိုချီမင်းမြို့တွင် ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ တစ်သိန်းကျော်ရှိခဲ့ကြောင်း သိရသည်။ အဆိုပါမြို့အတွင်းရှိ ဒေသ ၂၂ ခုအနက် ဒေသ ၂၀ တွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုများတွေ့ရှိကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံတွင် ယခုနှစ် ပထမ ငါးလအတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၂၅၈၆၁ ဦးတွေ့ရှိရကြောင်း ဗဟိုစာရင်းအင်းရုံးမှ ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

## တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူ ၁၂၅၄၂ ဦး ထပ်မံတွေ့ရှိ



**ဆိုးလ် ဇွန် ၃**

တောင်ကိုရီးယားနိုင်ငံ၌ ပြီးခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူ ၁၂၅၄၂ ဦး ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၈၁၄၁၈၃၅ ဦးရှိလာကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ယနေ့ပြောကြားသည်။

နိုင်ငံအတွင်း မတ်လလယ်က အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကြောင့် ကိုဗစ်-၁၉ရောဂါကူးစက်မှုများမြင့်တက်လာခဲ့ရာမှ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ စနစ်ကျစွာ ဆောင်ရွက်နိုင်ခဲ့သဖြင့် နေ့စဉ်ကိုဗစ်-၁၉ရောဂါကူးစက်မှုများ ပြန်လည်ကျဆင်းခဲ့သည်။

လက်ရှိအချိန်၌ ပြည်ပမှ ပြန်လည်ရောက်ရှိလာသူ ၃၂၉၂၅ ဦး၌ ကိုဗစ်-၁၉ရောဂါကူးစက်ခံရကြောင်း တွေ့ရှိခဲ့သည်။ ထို့ပြင် နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါကြောင့် သေဆုံးသူ ၂၄၂၂၉ ဦးရှိသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

## ဖိလစ်ပိုင်နိုင်ငံ၌ ဘီအေ - ၅ အမျိုးအစား အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူနှစ်ဦးတွေ့ရှိ

**မနီလာ ဇွန် ၃**

ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း လူဇုန်ဒေသရှိ ဒေသခံနှစ်ဦးတွင် အိုမီခရွန်ဗီဇပြောင်းမျိုးစိတ်တစ်မျိုးဖြစ်သည့် ဘီအေ -၅အမျိုးအစား ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်နေသည်ကို တွေ့ရှိရကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ဇွန် ၃ ရက်တွင် ပြောကြားသည်။

အဆိုပါဗိုင်းရပ်စ်ကူးစက်ခံရသူများသည် ခရီးသွားလာခြင်းမပြုလုပ်ခဲ့ကြောင်း မီဒီယာရှင်းလင်းပွဲတွင် ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ မာရီယာရိုဆာရီယို ဗာဂျီရီကပြောကြားသည်။

၎င်းဗိုင်းရပ်စ် ကူးစက်ခံရသူများတွင် အအေးမိခြင်းနှင့် ချောင်းဆိုးခြင်းများ ခံစားရသော်လည်း ရောဂါမှပြန်လည်သက်သာလာကြောင်းတွေ့ရှိရပြီး ၎င်းတို့၏ အခြားမိသားစုဝင်တစ်ဦးမှာ ကိုဗစ်-၁၉ရောဂါကူးစက်ခံရသည်ကို တွေ့ရှိခဲ့ကြောင်း မာရီယာရိုဆာရီယို ဗာဂျီရီက ပြောကြားသည်။

နိုင်ငံအတွင်းBA.2.12.1 နှင့် BA.4 အမျိုးအစား ဗီဇပြောင်းဗိုင်းရပ်စ်များကူးစက်မှုကိုလည်းတွေ့ရှိခဲ့သည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃ဒသမ ၆၉သန်းကျော်ရှိပြီး အဆိုပါရောဂါကြောင့်သေဆုံးသူ ၆၀၄၅၅ ဦး ရှိသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

## အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၀၄၁ ဦး ထပ်မံတွေ့ရှိ

**နယူးဒေလီ ဇွန် ၃**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၀၄၁ ဦး ထပ်မံတွေ့ရှိခဲ့သည့်အတွက် ရောဂါကူးစက်ခံရသူပေါင်း ၄၃၁၆၈၅၈၅ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးကိန်းဂဏန်းများအရ သိရသည်။

ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၁၀ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၅၂၄၆၅၁ ဦးရှိကြောင်း သိရသည်။

### ပြန်လည်ကောင်းမွန်လာ

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၂၁၁၇၇ ဦးရှိကြောင်း သိရသည်။ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၃၆၃ဦး ကျန်းမာရေးပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားကြရာ ရောဂါမှပြန်လည်သက်သာလာသူပေါင်း ၄၂၆၂၂၇၅၇ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**

## မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၈၇၇ ဦးထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ ဇွန် ၃**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၈၇၇ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၅၁၀၁၃၉၆ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ရောဂါကူးစက်ခံရသူများအနက် ခြောက်ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၁၈၇၁ ဦးသည် ဒေသတွင်းကူးစက်ခံရသူများဖြစ်သည်။ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း နှစ်ဦးထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၃၅၆၈၀ ရှိလာပြီဖြစ်သည်။ သို့သော် လူနာ ၁၇၁၅ ဦး ရောဂါမှ ပြန်လည်ကျန်းမာလာခဲ့သည့်အတွက် ကျန်းမာရေးပြန်လည်ကောင်းမွန်လာသူပေါင်း ၄၄၅၁၃၀၈ ဦးရှိကြောင်း သိရသည်။ လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၂၃၂၀၈ ဦးရှိပြီး ယင်းတို့အနက် ၂၉ ဦးသည် ရောဂါပြင်းထန်စွာ ခံစားနေရပြီး ၁၇ ဦး သည် အသက်ရှူအထောက်အကူပြုကိရိယာများ တပ်ဆင်ထားရသည်။ **ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**

# ရန်ကုန်တိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် ငွေကျပ် သိန်း ၁၇၀၀ ကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် အက်တက်စီ(ခေါင်းခါဆေး)နှင့် ကက်တမင်းများ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၃

ရန်ကုန်တိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် ငွေကျပ် သိန်း ၁၇၀၀ ကျော် တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် အက်တက်စီ(ခေါင်းခါဆေး)နှင့် ကက်တမင်းများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၅ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဆရာစံရပ်ကွက်ရှိ ဟိုတယ် အခန်းအမှတ်(၅၀၉)ကို သတင်းအရရှာဖွေရာ နိုင်လွင်နှင့် ဟိန်းသူစိုး(ခ) Shake တို့ နှစ်ဦးကို အက်တက်စီ(ခေါင်းခါဆေး)ဆေးပြား ၅၀၊ ကက်တမင်း သုံးဂရမ်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးချက်အရ ည ၇ နာရီတွင် စိတ်ပြောင်းဆေးဝါးများ ဖြန့်ဖြူးရောင်းချသူ ထက်အောင်ဝေ (ခ)Jason ကို ရန်ကင်းမြို့နယ် အမှတ်(၅)ရပ်ကွက်ရှိ ဟိုတယ်ကားပါကင်၌ Chevrolet ယာဉ်နှင့်အတူ အက်တက်စီ (ခေါင်းခါဆေး)ဆေးပြား ၄၀၀၀၊ ကက်တမင်း ဂရမ် ၁၇၀ ၊ Happy Water (စိတ်ပြောင်းဆေးဝါးများရောစပ်ထားသောအမှုန့်) ခုနစ် ဂရမ်စီပါ အထုပ် ၇၀ နှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ သတင်းကွင်းဆက်အရ မေ ၂၆ ရက် နံနက် ၇ နာရီတွင် ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၄)ရပ်ကွက်ရှိ စားသောက်ဆိုင်ပိုင်ရှင် ကောင်းစစ်(ခ) ကိုစစ်ကို ကက်တမင်း သုည ဒသမ ၂ ဂရမ်၊ အက်တက်စီ (ခေါင်းခါဆေး) ဆေးပြား တစ်ပြား၊ Happy Water(စိတ်ပြောင်းဆေးဝါးများရောစပ်ထားသောအမှုန့်) ၁၅ ဂရမ်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၁၇၀၀ ကျော် တန်ဖိုးရှိ အက်တက်စီ (ခေါင်းခါဆေး)ဆေးပြား ၄,၀၅၁ ပြား၊ ကက်တမင်း ၁၇၃ ဒသမ ၂ ဂရမ်၊ Happy Water (စိတ်ပြောင်းဆေးဝါးများ ရောစပ်ထားသော အမှုန့်) ၄၉၇ ဂရမ်တို့ သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ




ထက်အောင်ဝေ(ခ) Jason၊ ဟိန်းသူစိုး(ခ) Shake နှင့် နိုင်လွင်တို့ကို သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

| 135 | SHWE NAN TAW GENERAL BUSINESS COOPERATION ASSOCIATION LIMITED | U NYUNT WIN<br>U TIN MAUNG YI<br>U TIN SOE<br>DAW THIN THIN YU<br>DAW ZIN MOH MOH MAUNG | No.18, LONE THWE MHWE STREET, 5 WARD, MYAWADDY, KAYIN STATE | 9/KAPATA(N)057269<br>9/KAPAPA(N)066609<br>3/KATAYA(N)112575<br>9/KAPATA(N)027404<br>9/KAPATA(N)181717 |
| 136 | SHWE THEE NGWE THEE COMPANY LIMITED | U SOE NAING<br>U THEIN SOE | YARZA THINGYAN STREETNO.287 (4) WARD, MYAWADDY TOWNSHIP, KAYIN STATE | 10/MALAMA(N)157076<br>10/MALAMA(N)235185 |
| 137 | WIN YATI TUN COMPANY LIMITED | DAW AYE AYE MYINT<br>DAW YI YI MYINT<br>U HLA WIN TINT<br>U THEIN SOE | BUILDING (2), ROOM(304), MYA KANTHAR HOUSING, KHYAY(1) STREET, (5) WARD, HLAING TOWNSHIP, YANGON REGION, | 10/MALAMA(N)236359<br>10/MALAMA(N)157039<br>MTLA-092391<br>10/MALAMA(N)235185 |

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

## Grade 6

**Unit 1 Greeting people မှ Lesson 1 Greeting, introducing and leave–taking နှင့် ဆက်စပ်သည့် မှတ်သားစရာ အကြောင်းအရာများနှင့် လေ့ကျင့်ခန်းများကို ထည့်သွင်းဖော်ပြလိုက်ပါသည်။**

### Unit 1 Greeting people
### Lesson 1: Greeting, introducing and leave–taking

**Greeting တွေ့ဆုံခြင်း**

**တစ်ဦးနှင့်တစ်ဦး တွေ့ဆုံနှုတ်ဆက်ရာတွင် အသုံးပြုသည့် စကားလုံးများ**

- Hi/ Hey/ Hello
- Good morning (နံနက် ၅ နာရီမှ နေ့လယ် ၁၂ နာရီမထိုးမီအချိန် အထိသုံးနိုင်), Good afternoon (ညနေ ၆ နာရီအထိ သုံးနိုင်), Good evening (ညနေ ၆ နာရီကျော်လျှင်သုံးပါ)
  (Good night နှင့် Goodbye) ကို တစ်နေ့တာအတွက် ခွဲခွာနှုတ်ဆက်ရာတွင်သုံးသည်။
- How are you? သိကျွမ်းပြီးသားသူကို ပြန်လည်တွေ့ဆုံတဲ့အခါ သုံးပါတယ်။ နေကောင်းလားလို့ အဓိပ္ပာယ်ရပါတယ်။ How are you? လို့ ကိုယ့်ကိုနှုတ်ဆက်တဲ့အခါ ကိုယ်ကလည်း How are you? လို့ ပြန်နှုတ်ဆက်လို့ရသလို I am fine. Thanks, and you? နေကောင်းပါတယ်။ ခင်ဗျားရော… လို့ ပြန်ပြောလို့လည်း ရပါတယ်။
- How do you do? အခုမှ မိတ်ဆွေဖြစ်တဲ့သူကို နှုတ်ဆက်တဲ့အခါ သုံးပါတယ်။ နေကောင်းလားလို့ အဓိပ္ပာယ်ရတယ်။ How do you do? ကို How do you do? လို့ပဲ ပြန်ပြောလို့ရသလို၊ I am fine. Thanks, and you? လို့လည်း ပြန်ပြောလို့ရပါတယ်။
- တွေ့ဆုံနှုတ်ဆက်တဲ့အခါ အောက်မှာဖော်ပြထားတဲ့ စကားလုံးတွေကိုလည်း အသုံးပြုနိုင်ပါတယ်။ **မင်္ဂလာပါ** **နေကောင်းလား** လို့ အဓိပ္ပာယ်ရပါတယ်။
  What's up? What's new? How is it going? What is going on? How are things? How is everything? How's life? How are you doing?

### Introducing မိတ်ဆက်ခြင်း

မိတ်ဆက်တဲ့အခါမှာ **နာမည်၊ အသက်၊ ဇာတိမြို့နဲ့ အတန်း** တို့ကို ပြောပြရပါတယ်။

- နာမည်ကို ပြောရင် My name is ____________. (or) I am ____________. လို့ ပြောလို့ရပါတယ်။ My name is လို့ ပြောတာက ပိုယဉ်ကျေးပါတယ်။
- ကိုယ့်မှာ နာမည်အတို (nickname) ရှိရင်လည်း ပြောပြနိုင်ပါတယ်။
  You can call me ________. (or) My nickname is ___________.
- အသက်ကို ပြောရင် I am 11 years old. (or) I am 11. (or) My age is 11. လို့ ကြိုက်သလို ပြောနိုင်ပါတယ်။
- ဇာတိမြို့ကို ပြောရင် I am from Mandalay. လို့ ပြောရပါတယ်။
- အတန်းကို ပြောရင် I am a Grade 6 student. (or) I am in Grade 6. လို့ ပြောနိုင်ပါတယ်။
- It is nice to meet you. တွေ့ရတာ ဝမ်းသာပါတယ်… လို့ အဓိပ္ပာယ်ရပါတယ်။ (nice နေရာမှာ glad, happy, pleased တို့ကို သုံးနိုင်ပါတယ်။ meet နေရာမှာ see ကိုလည်း သုံးနိုင်ပါတယ်။) ကိုယ့်ကို It it nice to meet you. လို့ ပြောရင် ကိုယ်က Nice to meet you too. လို့ ပြန်ပြောရပါတယ်။

ဥပမာ။ Hello! My name is Naing Min Khant. You can call me Ko Khant. I am 11 years old. I am from Mandalay. I am a Grade 6 student.

### Leave–taking ခွဲခွာနှုတ်ဆက်ခြင်း

တစ်ယောက်နဲ့တစ်ယောက် ခွဲခွာနှုတ်ဆက်ရင် အောက်မှာဖော်ပြထားတဲ့ စကားလုံးတွေကို သုံးနိုင်ပါတယ်။

- Goodbye, Bye–bye, Bye, Good night, See you soon, See you later, Catch you later, See ya! Nice talking (စကားပြောရတာ ကောင်းတယ်။ အာတွေ့တယ်) , Take care, Have a nice day!.. etc. စသည်ဖြင့် ပြောနိုင်ပါတယ်။

**အောက်ပါ နမူနာစကားပြောပုံစံကို လေ့လာပါ။**

**Dialogue : On the way to school (ကျောင်းသွားတဲ့လမ်းမှာ)**

**Ko Ko : Excuse me, I' m Ko Ko. What's your name?**

Su Su : I' m Su Su. Nice to meet you, Ko Ko.

**Ko Ko : Nice to meet you too.**

Su Su : Are you a Grade 6 student?

**Ko Ko : Yes, I am. And you? What grade are you in?**

Su Su : Me too. I am also in Grade 6.

**Ko Ko : Where are you from, Su Su?**

Su Su : I am from Yangon. And you?

**Ko Ko : I am from Mandalay.**

Su Su : Nice talking, Ko Ko. But I have to go to my class.

**Ko Ko : OK. Bye, Su Su.**

Su Su : Bye!

(စကားပြောပုံစံကို လေ့လာပြီးရင် နမူနာဝါကျတွေနဲ့ အစားထိုးလေ့ကျင့်ပါ။)

**လေ့ကျင့်ခန်းအားလုံး ဖြေဆိုပါ။**

**I. Match the following.**

| | |
|---|---|
| 1. Hi! | a. Morning. |
| 2. How do you do? | b. You too. |
| 3. How are you? | c. Bye! |
| 4. Have a nice day! | d. How do you do? |
| 5. Goodbye | e. I'm fine, thanks. |
| 6. Where are you from? | f. Nice to meet you too. |
| 7. Glad to see you. | g. I'm from Yangon. |
| 8. Good morning | h. Hello! |

**II. Introduce yourself by using the following facts.**

1. **Zaw Min Naing / Nickname (နာမည်အတို): Zaw Zaw / Mandalay / Age: 12 / Grade 7**
   Hello! It's nice to meet you. I' m __________. You can call me __________. I'm from __________. I'm _____ years old. I'm in _______.
2. **Aung Bo Myint / Nickname (နာမည်အတို): Bo Bo / Nay Pyi Taw / Age: 11 / Grade 6**
   Hi, Good morning! It is nice to see you. I' m __________. You can call me __________. I'm from __________. I'm _____ years old. I'm in _______.
3. **Phyo Sandar / Nickname (နာမည်အတို): Phyo Phyo/ Taunggyi / Age: 13 / Grade 8**
   Good morning! Nice to meet you. I' m __________. You can call me __________. I'm from __________. I'm _____ years old. I'm in _______.

**Answer**

*(I) 1. (h); 2. (d); 3. (e); 4. (b); 5. (c); 6. (g); 7. (f); 8. (a);*

*(II) (1) Hello! It's nice to meet you. I'm Zaw Min Naing. You can call me Zaw Zaw. I'm from Mandalay. I'm 12 years old. I'm in Grade 7.*

*(2) I'm Aung Bo Myint. Bo Bo. Nay Pyi Taw. 11. Grade 6.*

*(3) Phyo Sandar. Phyo Phyo. Taunggyi. 13. Grade 8.*

(လာမယ့်အပတ်မှာ Lesson 2: Greetings From postcards အကြောင်း ဖော်ပြသွားမှာ ဖြစ်ပါတယ်။)

---

## Grade 7

**ယခုစာမျက်နှာတွင် Grade 7 ကျောင်းသား ကျောင်းသူများအတွက် Unit 1 Lesson 1: My favourite singer နှင့်ဆက်စပ်သည့် မှတ်သားစရာ အကြောင်းအရာများနှင့် လေ့ကျင့်ခန်းများကို ထည့်သွင်းဖော်ပြလိုက်ပါသည်။**

### Unit 1 Lesson 1 : My favourite singer

My favourite singer သင်ခန်းစာတွင် ပါရှိသည့် grammar usage (သဒ္ဒါအသုံးအနှုန်း) များကို ဖော်ပြထားပါသည်။ ဖော်ပြချက်များကို လေ့လာပြီး ဝါကျများအစားထိုးလေ့ကျင့်ပါ။

* Like + Ving (or) Like to V1 = ကြိုက်နှစ်သက်သည်။
(like ရဲ့အနောက်မှာ Ving (သို့မဟုတ်) to V1 လိုက်နိုင်ပါတယ်။)

e.g. (1) I <u>like playing</u> football. (or) I <u>like to play</u> football.
(2) She <u>likes doing</u> yoga. (or) She <u>likes to do</u> yoga.

* (be) from ____ နောက်တွင် **နေရာ** သို့မဟုတ် **အလုပ်၊ ကုမ္ပဏီ**တို့ကို ထည့်သွင်းရေးသားနိုင်သည်။

e.g. I am from <u>Nay Pyi Taw.</u> (နေရာ)
e.g. She is from <u>KBZ Bank.</u> (အလုပ်)

* Can I ….V1….? (ခွင့်ပြုချက်တောင်းခံ) …… နိုင်မလားဟု အဓိပ္ပာယ်ရသည်။

e.g. Can I use your dictionary? (ကျွန်တော် ခင်ဗျားအဘိဓာန်ကို သုံးလို့ရမလား။)
e.g. Can I know your name? (ကျွန်တော် ခင်ဗျားနာမည်ကို သိနိုင်မလား။)
e.g. Can I ask you a few questions? (ကျွန်တော် ခင်ဗျားကို မေးခွန်းမေးနိုင်မလား။)

### * Have & Have got (ပိုင်ဆိုင်ခြင်း)

Have နှင့် Have got ကို ပိုင်ဆိုင်သည့်အရာများကို ဖော်ပြရာတွင် သုံးသည်။

Have ကို အသုံးပြုရာတွင် Subject က I, We, You, They ဆိုလျှင် have ကိုသုံးပြီး He, She, It, Ko Ko, Ma Ma ဆိုလျှင် has ကို သုံးပါ။

- Subject (singular အနည်း) has / Subject (plural အများ) have ကိုသုံးရသည်။
- အငြင်းဝါကျတွင် Subject (အများ) do not have / Subject (အနည်း) does not have
- မေးခွန်းမေးရင် Do Subject (အများ) have…? / Does Subject (အနည်း) have… ?

Have got ကို သုံးရာတွင် Subject က အနည်းဆိုလျှင် has got ကိုသုံးပြီး Subject က အများဆိုလျှင် have got ကို အသုံးပြုရပါတယ်။

- Subject (အနည်း) has got / Subject (အများ) have got
- အငြင်းဝါကျတွင် has/ have **<u>not</u>** got
- မေးခွန်းမေးရင် Has/ Have ….Subject got?

**မှတ်ချက်။** **<u>Have</u>** နှင့် **<u>Have got</u>** တို့ကို ပိုင်ဆိုင်ခြင်းများ ဖော်ပြရာတွင် မိမိနှစ်သက်ရာ အသုံးပြုနိုင်သော်လည်း စားခြင်း၊သောက်ခြင်း၊ရေချိုးခြင်း၊ အားလပ်ရက်ရှိခြင်းတို့ကို ဖော်ပြရာတွင် have ကိုသာ အသုံးပြုရသည်။

ဥပမာ။ (1) I <u>have</u> breakfast at 7 a.m. (have got သုံးလို့မရပါ။)
(2) I <u>have</u> coffee at breakfast. (have got သုံးလို့မရပါ။)
(3) I <u>have</u> a bath once a week. (have got သုံးလို့မရပါ။)

(ဒီနေရာမှာ take a shower နဲ့ have a bath က ရေချိုးတာတူပေမယ့် ရေပန်းနဲ့ရေချိုးတာနဲ့ ရေချိုးကန်နဲ့ ဇိမ်ခံပြီးရေချိုးတာ ကွာခြားမှုရှိပါတယ်။ I have a bath once a week. လို့ ရေးတာဟာ တစ်ပတ်တစ်ကြိမ် ဇိမ်ခံပြီး ရေချိုးတယ်လို့ ဆိုလိုတာပါ။)

(4) Have a nice day! (have got သုံးလို့မရပါ။)

**လေ့ကျင့်ခန်း ဖြေဆိုပါ။**

**အောက်ပါအချက်အလက်များကို အသုံးပြုပြီး အမေး၊ အဖြေ အပြန်အလှန်လေ့ကျင့်ပါ။**

**Sample role card သရုပ်ဖော်ကတ်ပြား နမူနာပုံစံ**

| | |
|---|---|
| Name: | Zin Thu |
| Job: | pianist |
| Hobbies: | playing tennis |
| Favourite thing (s) | pet dog |
| Family members: | 3 |

A: **Hi, Good morning.**
B: Hello, Good morning.
A: **What's your name, please? (or) May I know your name? (or) Can I know your name?**
B: I'm Zin Thu.
A: **What do you do for a living? (or) What is your job? (or) What is your profession? (or) What is your occupation?**
B: I am a pianist.
A: **What do you like to do in your free time? (or) What do you like doing?**
B: I like to play tennis. (or) I like playing tennis.
A: **What is your favourite thing? (or) What's the thing you would like to have most?**
B: A pet dog.
A: **How many family members do you have/ have you got?**
B: three.
A: **Ok, thanks.**
B: You are welcome.

လေ့ကျင့်ခန်း (၁)

| | |
|---|---|
| Name: | Khin Lin Latt |
| Job: | Singer |
| Hobbies: | playing the guitar |
| Favourite thing (s) | pet cat |
| Family members: | 3 |

(လာမယ့်အပတ်မှာ Lesson 2: Life as an artiste ရဲ့ လေ့ကျင့်ခန်းတွေကို ဆက်လက်ဖော်ပြသွားမှာ ဖြစ်ပါတယ်။)

# Grade 8

## Unit 1

### Lesson 1: Do you have good eating habits?

### ■ Talking about eating habits

**Vocabulary**

1. choke (v) = အသက်ရှုကျပ်သည်
2. digestion (n) = အစာချေခြင်း
3. junk food (n) = အာဟာရမရှိသော အစားအစာ
4. mindfully (adv) = စိတ်ပါလက်ပါ
5. mindlessly (adv) = စိတ်မပါလက်မပါ
6. mineral water (n) = ရေသန့်
7. obesity (n) = အဝလွန်ခြင်း
8. sugary (adj) = သကြားပါဝင်မှုများပြားသော



**Study the following good eating habits and bad ones**

**The bad eating habits we should avoid (ရှောင်ရှားသင့်သော စားသောက်မှုအလေ့အကျင့်များ)**

(1) Mindless eating (စိတ်မပါဘဲစားခြင်း)
(2) Nighttime noshing (အိပ်ရာမဝင်မီစားခြင်း)
(3) Endless snacking (မုန့်အလွန်အကျူးစားခြင်း)
(4) Skipping breakfast (နံနက်စာမစားဘဲနေခြင်း)
(5) Emotional eating (စားသောက်ရင်း တွေးတောခြင်း)
(6) Eating too quickly (လျင်မြန်စွာစားသုံးခြင်း)



(7) Eating junk food (အာဟာရမရှိသော အစားအစာများကို စားခြင်း)

**The good eating habits we should develop (လိုက်နာသင့်သော စားသောက်မှုအလေ့အထများ)**

(1) Eating slowly and mindfully (နှေးနှေးစား စိတ်ပါလက်ပါစား)
(2) Eating fruits and vegetables (အသီးနဲ့ ဟင်းသီးဟင်းရွက်များများစား)
(3) Eating a balanced breakfast (မျှတသော နံနက်စာစား)
(4) Eating more home–cooked meals (အိမ်ချက်ထမင်းဟင်းများကိုစား)
(5) Chewing properly (ကျေညက်အောင် ဝါးစား)
(6) Cutting down on sugar (သကြားလျှော့စား)
(7) Eat food rich in calcium (ကယ်လ်စီယမ်ပါဝင်သောအစားအစာများကိုစား)

**(A) Choose good eating habits and bad eating habits.**

1. Taking sugary drinks (a bad eating habits)
2. Eating mindfully (_____________)
3. Including fish in your diet (_____________)
4. Drinking mineral water (_____________)
5. Eating a variety of vegetables (_____________)
6. Using a phone while eating (_____________)
7. Eating junk food (_____________)
8. Always eating breakfast (_____________)
9. Eating too much (_____________)
10 .Eating meals or snacks while watching TV (_____________)

**Practice on speaking**

**(စကားပြောအပြန်အလှန် လေ့ကျင့်ပါ)**

A: What do you usually have for lunch?
**B: I usually have rice and curry for lunch.**
A: How much water do you drink every day?
**B: I drink 7 to 8 liters of water every day.**
A: Do you often have junk food and sugary drinks? Why/ Why not?
**B: No. I don't often have junk food and sugary drinks because having them can cause high blood pressure, cancer, and many heart– related diseases.**
A: How long do you usually take to finish a meal?
**B: about 20 minutes.**
A: Where do you usually have your meals at home?
**B: At the dining table.**
A: Who do you usually have your meals with?
**B: I usually have my meals with my parents.**
A: While you are eating, do you do any other thing like reading, watching TV or using the phone?
**B: No, I don't do anything while I am eating.**

**(B)Tell the class your eating habits.**

(မိမိစားသောက်မှုပုံစံအလေ့အထကို သူငယ်ချင်းများအားပြောပါ)
ဘယ်လိုအစားအစာတွေစားသလဲ
ရေဘယ်လောက်ပမာဏသောက်သလဲ
ထမင်းစားချိန်မတိုင်မီမှာ ဘာတွေစားလေ့ရှိသလဲ
ထမင်းစားတာ မြန်လား၊ နှေးလား
ထမင်းစားတာ အချိန်ဘယ်လောက်ကြာသလဲ
မိသားစုနဲ့အတူ ထမင်းစားရတာ ကြိုက်သလား ဘာကြောင့်လဲ
တစ်ခါတစ်ရံ ထမင်းစားရင်းနဲ့ ဘာလုပ်လေ့ရှိသလဲ

*Answer*

*(A) 1. A bad eating habits* *2. a good eating habits*
*3. a good eating habits* *4. a good eating habits*
*5. a good eating habits* *6. a bad eating habits*
*7. a bad eating habits* *8. a good eating habits*
*9. a bad eating habits* *10. a bad eating habits*

*(B) My eating habits*

*I eat a variety of food such as meat, fish and vegetables. I take 8 glasses of water every day. Sometimes, I have fruit like apples or bananas. I never eat junk food. I am a fast eater. I usually have meals in less than 10 minutes. I think it is not good for digestion. I love eating with my family as it is enjoyable. Sometimes, I eat my meals while watching TV or using the phone.*

+++++++++++++++++++++++++++

# Grade 9 (စနစ်ဟောင်း)

ယခုအချပ်ပိုစာမျက်နှာတွင် Grade 9 ကျောင်းသား ကျောင်းသူများအတွက် Lesson– 1 THE NECKLACE နှင့် ဆက်စပ်သည့် မှတ်သားစရာအကြောင်းအရာများနှင့် လေ့ကျင့်ခန်းများကို ထည့်သွင်းဖော်ပြလိုက်ပါသည်။

## Lesson– 1 THE NECKLACE

မေးခွန်းနံပါတ်(၁)သည် သင်ခန်းစာအားလုံးထဲမှ သင့်လျော်သည့် စကားလုံးကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ Vocabulary (ဝေါဟာရစကားလုံး) သိမှတ်ထားရှိမှုကို မေးသည့် မေးခွန်းဖြစ်သည်။

ဒီမေးခွန်းဖြေတဲ့အခါမှာ ပေးထားတဲ့ဝါကျကို သေချာဖတ်ပြီး ကွက်လပ်နေရာမှာ ဘယ်စကားလုံးဖြစ်နိုင်သလဲဆိုတာ ခန့်မှန်းကြည့်ရမှာဖြစ်ပါတယ်။ အစစကားလုံးပေးထားတော့ ဖြေဆိုရတာလွယ်ပါတယ်။ ရှေ့နောက် ဆက်စပ်စဉ်းစားကြည့်တတ်ဖို့လိုပါတယ်။

**I. Fill a suitable word in each sentence.**

1. Min Min runs around the p_____ every morning.

မေးခွန်း နံပါတ် ၁ မှာ ပေးထားတဲ့ဝါကျက **မင်းမင်းက နံနက်ခင်းတိုင်း _____ ကို ပတ်ပြေးတယ်။** ဒါဆို ဘာကို ပတ်ပြီးပြေးမှာလဲ။ ဒီသင်ခန်းစာမှာပါတဲ့ ဝေါဟာရစကားလုံးတွေကို ဆက်စပ်တွေးကြည့်ရင် p နဲ့စတဲ့ စကားလုံးတွေထဲက park ပန်းခြံဆိုတဲ့စကားလုံးက အသင့်လျော်ဆုံးပဲဖြစ်ပါတယ်။ **မင်းမင်းက နံနက်ခင်းတိုင်း ပန်းခြံကို ပတ်ပြေးတယ်**လို့ အဓိပ္ပာယ်ရပါတယ်။

2. Nothing can r_____ a mother's love and care.

မေးခွန်း နံပါတ် ၂ မှာ ပေးထားတဲ့ဝါကျက **ဘယ်အရာကမျှ မိခင်တစ်ဦးရဲ့ မေတ္တာနဲ့ ဂရုစိုက်စောင့်ရှောက်မှုကို _______ မလုပ်နိုင်ပါဘူး**လို့ ပေးထားတယ်။ ဒါဆို ဘာမလုပ်နိုင်ဘူးလဲ။ အစစကားလုံး r ဆိုတော့။ ဒီသင်ခန်းစာမှာပါတဲ့ ဝေါဟာရစကားလုံးတွေကို ဆက်စပ်တွေးကြည့်ရင် replace (အစားထိုးသည်)ဆိုတဲ့ verb က အသင့်လျော်ဆုံးပဲဖြစ်ပါတယ်။ **ဘယ်အရာကမျှ မိခင်တစ်ဦးရဲ့ မေတ္တာနဲ့ ဂရုစိုက်စောင့်ရှောက်မှုကို အစားမထိုးနိုင်ပါဘူး**လို့ အဓိပ္ပာယ်ရပါတယ်။

3. December is the l_____ month of the year.

မေးခွန်း နံပါတ် ၃ မှာ ပေးထားတဲ့ဝါကျက **ဒီဇင်ဘာသည် နှစ်တစ်နှစ်၏ _____ လဖြစ်သည်**လို့ ပေးထားပါတယ်။ အစစကားလုံး l ဆိုတော့။ ဒီသင်ခန်းစာမှာပါတဲ့ဝေါဟာရစကားလုံးတွေကို ဆက်စပ်တွေးကြည့်ရင် last (နောက်ဆုံးဖြစ်သော)ဆိုတဲ့ adjective က အသင့်လျော်ဆုံးပဲဖြစ်ပါတယ်။ **ဒီဇင်ဘာသည် နှစ်တစ်နှစ်၏ နောက်ဆုံးလဖြစ်သည်**လို့ အဓိပ္ပာယ်ရပါတယ်။

4. Do you notice the d_____ between the twins?

မေးခွန်း နံပါတ် ၄ မှာ ပေးထားတဲ့ဝါကျက **အမွှာနှစ်ယောက်ကြားက _____ ကို သတိထားမိလား။** လို့ ပေးထားပါတယ်။ အစစကားလုံး d ဆိုတော့။ ဒီသင်ခန်းစာမှာပါတဲ့ ဝေါဟာရစကားလုံးတွေကို ဆက်စပ်တွေးကြည့်ရင် difference (ခြားနားချက်)ဆိုတဲ့ noun က အသင့်လျော်ဆုံးပဲဖြစ်ပါတယ်။ **အမွှာနှစ်ယောက်ကြားမှာရှိတဲ့ ခြားနားချက်ကို သတိထားမိလား**လို့ အဓိပ္ပာယ်ရပါတယ်။

5. Be c_____! There is a car coming.

မေးခွန်း နံပါတ် ၅ မှာ ပေးထားတဲ့ဝါကျက **ကားလာနေတယ်။ _____ လုပ်ပါ** လို့ ပေးထားတယ်။ အစစကားလုံး c ပေးထားတယ်။ Be ရဲ့အနောက်မှာ adjective လိုက်ပါတယ်။ ဒီသင်ခန်းစာမှာပါတဲ့ ဝေါဟာရစကားလုံးတွေကို ဆက်စပ်တွေးကြည့်ရင် careful (ဂရုစိုက်သော) ဆိုတဲ့ adjective က အသင့်လျော်ဆုံးပဲဖြစ်ပါတယ်။ **ကားလာနေတယ်။ ဂရုစိုက်ပါ**လို့ အဓိပ္ပာယ်ရပါတယ်။

**အောက်မှာပေးထားတဲ့ လေ့ကျင့်ခန်းတွေကို ဖြေဆိုကြည့်ပါ။**

1. Maung Maung is sitting on the b_____ in front of the house.
2. She has round and w_____ eyes.
3. He settled me a d_____ of 10,000 K this morning.
4. Ko Ko made careless m_____s in the exam.
5. W_____ is a good exercise for our health.
6. Are you a_____ of ghosts?
7. A h_____ family cannot be bought with money.
8. A g_____ in Myanmar is Mingalabar.

*Answer: 1. bench; 2. wide; 3. debt; 4. mistakes; 5 Walking; 6. afraid; 7. happy; 8. greeting;*

မေးခွန်းနံပါတ်(၂) မှာတော့ ပေးထားတဲ့စကားလုံးရဲ့ မှန်ကန်တဲ့ပုံစံကို ပြောင်းလဲဖြေဆိုရမှာဖြစ်ပါတယ်။ **Word form** မေးခွန်းဖြစ်ပါတယ်။ ပေးထားတဲ့ဝါကျမှာ noun, verb, adjective, adverb တွေထဲက ဘယ်ပုံစံနဲ့ ဖြေဆိုရမလဲဆိုတာ သိထားဖို့လိုပါတယ်။

ဥပမာ။ (differ) Ko Ko is _____ from his brother in their manners. ဒီဝါကျမှာ Verb to be ရဲ့အနောက်မှာ ကွက်လပ်ဖြစ်နေတဲ့အတွက် differ (verb) ပုံစံကနေ different (adjective) ပုံစံကို ပြောင်းလဲဖြေဆိုရမှာဖြစ်ပါတယ်။ **အဖြေက Ko Ko is <u>different</u> from ……**

(differ) Do you know the _____ between them? ဒီဝါကျမှာ the ရဲ့အနောက်မှာ ကွက်လပ်ဖြစ်နေတဲ့အတွက် differ (verb) ပုံစံကနေ difference (noun) ပုံစံကို ပြောင်းလဲဖြေဆို ရမှာဖြစ်ပါတယ်။ **အဖြေက Do you know <u>the difference</u> between them?**

(ဆက်လက်ဖော်ပြပါမည်)

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉–၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၂၆၁ ဆူ | ၄၅၉ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၄၈ ခန်း | ၄၀၇ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၀ တိုင် | ၂၀ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၁၂ တိုင် | ၆၈ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၉၇ ခု | ၅၅၅ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၃ ကျင်း | ၂၀၈၆. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၆ ကျင်း | ၂၀၂. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၄ ကျင်း | ၅၈၉၆. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၀၅ ကျင်း | ၁၆၃၁. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## တစ်ဦးတည်းမူပိုင် လုပ်ငန်းအမှတ်တံဆိပ်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ စမ်းချောင်းမြို့နယ်၊ မြေနုလမ်း၊ မြေနုကွန်ဒို၊ အခန်းအမှတ်(၄၀၁)တွင် နေထိုင်သော ဦးနေဝင်းမောင်ကိုကြီး (ဘ) ဦးကိုကြီး [၁၂/ကမရ(နိုင်)၀၁၀၆၄၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

**(မှတ်ပုံတင်စာချုပ်အမှတ်- ၃၄၈၅/၂၀၂၂) (2022 Nice Classification–41)**

အထက်ပါ အမှတ်တံဆိပ်သည် ဦးနေဝင်းမောင်ကိုကြီး၏ မူလတီထွင်ဖန်တီးထားသည့် မူပိုင်အမှတ်တံဆိပ်ဖြစ်ပြီး TEACHER THUZAR EDUCATION CENTER COMPANY LIMITED ၏ မူပိုင်အမှတ်အသားဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်မှစတင်၍ ''Tr.Thuzar Education Center (TZEC)'' ဟူသော လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် ပညာရေးဆိုင်ရာ သင်တန်းကျောင်းဖွင့်လှစ်သင်ကြားခဲ့ခြင်း၊ Online Education Center ကျောင်းဖွင့်လှစ်ခြင်း၊ ခေတ်နှင့်အညီ ပေါ်ပေါက်လာသည့် အီလက် ထရောနစ်နည်းပညာများ အသုံးပြု၍ ပညာရေးဆိုင်ရာ သင်တန်းကျောင်း ဖွင့်လှစ်သင်ကြားပေးခြင်းတို့ကို ယနေ့အချိန်အထိဆောင်ရွက်လျက်ရှိပါသည်။ Tr.Thuzar Education Center (TZEC)'' သည် Edexcel Exam approved center ကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် ရရှိပြီးသော သင်တန်းကျောင်းဖြစ်ပါသည်။ Pearson student Excellence Awards Ceremony 2022 တွင် Excellence Students အများဆုံးရသောကျောင်း (The Most Recipient School From Myanmar) ရရှိထားသော ကျောင်းဖြစ်ပါသည်။ သက်ဆိုင်ရာ မူပိုင်ခွင့်ဌာနတွင် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေပုဒ်မ ၉၃ နှင့်အညီ မှတ်ပုံတင်သွင်း သုံးစွဲသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားကို အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ တုပသုံးစွဲခြင်း၊ ပြုလုပ်ခြင်း၊ ဆင်တူယိုးမှားထင်ယောင်ထင်မှားဖြစ်စေရန် အသုံးပြုခြင်းမပြုလုပ်ရန်နှင့် အကယ်၍ ထိုသို့ ပြုလုပ်သုံးစွဲမည်ဆိုပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဦးနေဝင်းမောင်ကိုကြီး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်မျိုးသက် ( (LL.B,LL.M,M.RES)**
**အထက်တန်းရှေ့နေ (စဉ်-၃၃၇၄၀)**
**No.58,(4)th street, (1)th Ward, Lanmadaw Township, Yangon**
**Ph;09–268168200, Email:aungshinthant@gmail.com**

## အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဆောက်လုပ်ခဲ့သော အောက်ဖော်ပြပါ အဆောက်အဦအား တာဝန်ယူဆောင်ရွက်ခဲ့သော ကော်မတီမှအသိအမှတ်ပြု ကန်ထရိုက်တာလိုင်စင်ရ ဦးကျော်ဝင်း (LC – ၃၆၄)သည် ကွယ်လွန်သွားပါသဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်နီနီဝင်း [၁၂/တမန(နိုင်)၁၄၀၀၉၉]မှ ၎င်းအဆောက်အဦအတွက် ပေးသွင်းခဲ့ရသော အာမခံကြေးအား ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာခြင်းအပေါ် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြေညာသည့်နေ့ရက်မှစ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | အဆောက်အဦလိပ်စာ | မြေရှင်အမည် | အဆောက်အဦဆောက်လုပ်ခွင့်ရ ကန်ထရိုက်တာ | ကန်ထရိုက်တာ လိုင်စင်အမှတ် |
|---|---|---|---|---|
| ၁ | အမှတ်(၅၁၁)၊ ကောလိယလမ်း (၂၁)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် | ဒေါ်ခင်မမ | ဦးကျော်ဝင်း | LC–၃၆၄ |

**အင်ဂျင်နီယာဌာန (အဆောက်အအုံ)**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/မြောက် ရပ်ကွက်၊ ဟသ်ာတလမ်း၊ အမှတ်(၅၅)၊ မြေညီထပ်(ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၂ ၁/၂ x ၅၀)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်များအားလုံးကို အပြောက်စနစ်ဖြင့် ဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ရှင်များဖြစ်ကြသော ၁။ ဒေါ်ကေသွယ်လွင် [၁၂/လသန(နိုင်)၀၁၃၅၆၇]၊ ၂။ ဒေါ်သိင်္ဂီလွင် [၁၂/လသန(နိုင်)၀၁၃၅၆၈] နှင့် ၃။ ဒေါ်စုလှိုင်လွင် [၁၂/လသန(နိုင်)၀၀၀၇၉၈] တို့အား ကျွန်ုပ်တို့၏ မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆိုကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း (မူရင်း) များနှင့် ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ် စာချုပ်ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်အေးမြင့်ရီ** | **ဒေါ်စိုးစိုးမြင့်** | **ဦးသိန်းညွှန့်** |
| **BSc, DA, HGP, R.L, DBL, DML, DIL** | **LL.B (စဉ်-၁၀၀၆၃)** | **BA, HGP, R.L, DBL, DML, DIL** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၁၇၃)** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၃၅၆၁)** |

**အမှတ်-၁၀၁၊ ပထမထပ်၊ ၃၉-လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း ၀၉-၇၉၈၈၂၇၅၉၀၊ ၀၉-၄၂၀၃၅၉၆၃၊ ၀၉-၅၀၅၃၁၀၇**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/မြောက်ရပ်ကွက်၊ ငုက်ပျောတောလမ်း၊ အမှတ်(၄၄)၊ ၄-လွှာ(ခြေရင်းခန်း)၊ အကျယ်အဝန်း(၁၂ ၁/၂ x ၅၀)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်များကို အပြောက်စနစ်ဖြင့် ဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ရှင်ဖြစ်သော ဒေါ်စိန်သန်း[၁၂/စခန(နိုင်)၀၀၇၉၈၅]သို့ ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့် ပတ်သက်၍ မည်သူမဆိုကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ်ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်အေးမြင့်ရီ** | **ဒေါ်အိဖြိုးဇင်** | **ဦးသိန်းညွှန့်** |
| **BSc, DA,HGP,R.L,DBL,DML,DIL** | **LL.B,D.B.L (စဉ်-၁၅၉၇၅)** | **BA,HGP,R.L,DBL,DML,DIL** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၇၃)** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၆၁)** |

**အမှတ်-၁၀၁၊ ပထမထပ်၊ ၃၉-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၈၈၂၇၅၉၀၊ ၀၉-၇၉၀၁၂၃၄၈၀၊ ၀၉-၅၀၅၃၁၀၇**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သကမ-၁၆)၊ လူနေရပ်ကွက်အမှတ်(၁၈)၊ မြေကွက်အမှတ်(၂၃၂/ခ)၊ ရွှေရင်အေးကျောင်းလမ်း၊ မြေအကျယ်အဝန်း (၂၀x၆၀)ပေ၊ ဦးကျော်မိုးအောင် ပါမစ်အမည်ပေါက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရောက် ရောင်းချပိုင်ခွင့်ရှိသူ ဦးခင်သိန်း [၁၂/လမန(နိုင်)၀၃၂၆၇၁] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းအိအိခိုင် [၁၄/ဖပန(နိုင်)၁၄၉၆၉၇] မှ အရောင်းအဝယ်ပြုလုပ်၍ စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အရောင်းအဝယ်ကို ကန့်ကွက်လိုသည်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်ပိုင်ဆိုင်သည့် စာချုပ်စာတမ်း အထောက်အထား (ပါမစ်မူရင်းများဖြင့်) ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစိုးပိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၅၈)**
**တိုက်(၂)၊ အခန်း(၆)၊ ကျန်စစ်သားလမ်း၊ အောင်မြေသာယာ Shop House (၆)ရပ်ကွက်၊ လှိုင်သာယာ။ ဖုန်း-၀၉-၆၄၁၄၅၃၄၊ ၀၉-၄၂၀၄၃၁၀၉**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၉၂) ရပ်ကွက်၊ ယုဇနလမ်း၊ စစ်တောင်းရိပ်မွန်၊ တိုက်အမှတ်(၁၅)၊ အခန်း(၀၀၁)၊ မြေညီ(ဘယ်)၊ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းပေါ်ရှိ ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံကတိပြုကြသော ဦးစံဝင်းမောင် [၁၂/ဥကတ(နိုင်)၁၁၄၃၁၈] နှင့် ဒေါ်မြမြတိုး [၁၂/ဥကတ(နိုင်)၁၁၃၆၇၀]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမြင့်သူ [၅/မမန(နိုင်)၀၇၈၀၀၀] နှင့် ဒေါ်ရွှေဇင်လတ်[၅/ကလဝ(နိုင်)၀၃၇၅၂၃]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၈-၆-၂၀၂၂) ရက်အတွင်းတိကျခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးစန်းမြင့် (LL.B)** | **ဒေါ်ဇာခြည်ဖြိုး (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၂၉၀)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၈၀၆)** |
| **ဖုန်း-၀၉-၂၅၂၄၇၅၄၄၉** | **ဖုန်း-၀၉-၄၂၀၇၈၀၂၆၂** |

**အခန်း-(၂၀၅)၊ တိုက်-၃၊ ကနောင်အိမ်ရာ၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျိုက်တော်ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ တိုက်အမှတ် (၄၂)၊ (၅-လွှာ/ခြေရင်းခန်း)၊ တိုက်ဖျက်နာမူရာ(ယာဘက်ခန်း)၊ အကျယ်အဝန်း (၁၅' × ၆၀') ဟုခေါ်တွင်သည့် ရေ၊ မီးစုံပါဝင်သော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ထားရှိနေထိုင်ပိုင်ဆိုင်၍ အကျိုးခံစားလျက်ရှိပြီး ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူ ဦးရွှေသန်း (၁၂/လကန (နိုင်) ၀၉၀၃၂၄) ထံမှ ကျွန်ုပ်တို့မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက် အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | | |
|---|---|---|
| **ဦးချစ်သွယ်ဦး(LL.B)** | **ဦးကျော်စိုးမိုး(LL.B)** | **ဦးထူးမြတ်ဝင်း(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၅၂၂၀၅)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၀၀၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၄၉၇၅)** |

အမှတ်-၁၀၈(ပ)ထပ်၊ ၃၈-လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၃၀၆၉၉၂၃၊ ၀၉ ၇၈၄၃၀၇၄၈၇

## "မြေကွက်(၅)ကွက်ဝယ်ယူမည်"ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူသည် **"ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇)၊ မြေကွက်အမှတ်များဖြစ်သော (၂၉၅)၊ (၂၉၆)၊(၂၉၇)၊ (၂၉၈)နှင့် (၂၉၉)ဟုခေါ်တွင်သော နှစ်(၆၀)မြေငှားဂရန်မြေကွက်(၅)ကွက် အပါအဝင် မြေပေါ်မြေအောက်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံး"** တို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူဖြစ်သော ဒေါ်ငွေးငွေးမြင့်[၁၂/မဂဒ(နိုင်)၀၆၄၈၈၅]ထံမှ တရားဝင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာ ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စ အထ မြောက်စေရန်အတွက် ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသဥ္ဇာသိန်း(LL.B) (စဉ်-၁၄၅၉၈)**
**ဒေါ်ပွင့်သူဇာ(LL.B) (စဉ်-၁၄၅၉၂)**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးနေလင်း(LL.B)(စဉ်-၅၀၄၃၀)**
**ဦးသိန်းထွန်းကျော်(LL.B) (စဉ်-၅၄၇၄၉)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၁၁၇၂၀၄၊ ၀၉-၂၆၂၆၈၅၇၄၄၊ ၀၉-၂၆၄၆၉၇၉၀၉**

## "အိမ်ခြံမြေဝယ်ယူမည်" ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဝေသန်းကြည် [၁၁/သတန(နိုင်)၀၀၄၆၅၃] ကိုင်ဆောင်သူသည် **"ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မဟာမြင့်မိုရ်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅စီဂျီ)၊ မြေကွက်အမှတ်-(၁၃၇၆)၊ အကျယ်(၈၀၀)စတုရန်းပေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ်(၃၁) ဟုခေါ်တွင်သော (၃ထပ်ခွဲ)အဆောက်အဦအပါအဝင် တွယ်ကပ်တပ်ဆင်ထားသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး"** တို့အား တရားဝင်ပိုင်ဆိုင်သူ ဖြစ်သော **"ဦးနန္ဒ [၁၂/ဗဟန(နိုင်) ၀၁၇၉၄၉]"**ထံမှ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်း အထောက်အထား မူရင်းများနှင့်အတူ ဤသတင်းစာ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသဥ္ဇာသိန်း (LL.B) (စဉ်-၁၄၅၉၈)**
**ဒေါ်ပွင့်သူဇာ(LL.B) (စဉ်-၁၄၅၉၂)**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးနေလင်း(LL.B) (စဉ်-၅၀၄၃၀)**
**ဦးသိန်းထွန်းကျော် (LL.B) (စဉ်-၅၄၇၄၉)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၁၁၇၂၀၄၊ ၀၉-၂၆၂၆၈၅၇၄၄၊ ၀၉-၂၆၄၆၉၇၉၀၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းမြောက်အရှေ့ရပ်ကွက်၊ ဌာနာလမ်း၊ အမှတ်(၇၅)တည်ရှိရာ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် 26 $A^2$၊ မြေကွက်အမှတ် ၄၀၊ မြေဧရိယာ(၀.၀၂၆)ဧက၊ နှစ်(၆၀)မြေငှားဂရန်(သက်ကုန်)၊ ဒေါ်မြညွှန့်[၁၂/ကမတ(နိုင်)၀၃၅၅၁၀]အမည်ပေါက် မြေကွက်ဖြစ်ပါသည်။အမည်ပေါက်(မိခင်)ဒေါ်မြညွှန့်သည် (၂၀-၅-၂၀၂၁)ရက်တွင်လည်းကောင်း၊ (ဖခင်)ဦးအေးမောင်သည် (၂-၉-၁၉၉၅)ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် သား၊ သမီးများဖြစ်သော (၁)ဒေါ်စောမြင့်[၈/မလန(နိုင်)၀၀၈၄၃၈]၊ (၂)ဦးအောင်သန်း[၁၂/လမန(နိုင်)၀၁၃၄၅၇]၊ (၃)ဒေါ်ကြူကြူဝင်း [၁၂/ကမတ(နိုင်)၀၃၅၁၄၄]၊ (၄)ဦးမျိုး[၁၂/ကမတ(နိုင်)၀၃၆၅၂၄]တို့မှ သားသမီးများ တော်စပ်ကြောင်း (၃၁-၁-၂၀၂၂)ရက်တွင် ကျိန်ဆိုသည့် ဒဂုံမြို့နယ်တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)ဂရန်၊ မြေခွန်ပြေစာတင်ပြ၍ (၁)ဒေါ်စောမြင့်၊ (၂)ဦးအောင်သန်း၊ (၃)ဒေါ်ကြူကြူဝင်း၊ (၄)ဦးမျိုးတို့မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၇၊ မြေကွက်အမှတ်-၃၇၈၊ မြေကွက်တည်နေရာအမှတ်(၃၇၈)၊ (၇၇)ရပ်ကွက်၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ ဦးတင်လှိုင်-(KPG-၀၇၀၀၄၉)အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက် ဦးတင်လှိုင် (KPG-၀၇၀၀၄၉)ထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဦးစိုးမြိုင် [၁၂/သကတ(နိုင်)၀၂၄၄၂၅]မှ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ အမည်ပေါက်မှတ်သားထားမှုမရှိခြင်း၊ မြေချပါမစ်တွင် ဖျက်သိမ်းပြီး တံဆိပ်တုံးပါရှိပြီး မူလလူနေမြေကွက်အဖြစ် ပြန်လည်အတည်ပြုကြောင်း တံဆိပ်တုံးပါရှိပါသဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ မေးမြန်းခဲ့ရာ အမည်ပေါက် ဦးတင်လှိုင် (KPG-၀၇၀၀၄၉) ဖြစ်ကြောင်းနှင့် နိုင်ငံတော်စီမံကိန်းအဖြစ် သိမ်းဆည်းပြီးပြန်လည်သတ်မှတ်ချထားပေးခဲ့သည့်မြေကွက်ဖြစ်ပါကြောင်းနှင့် မြေချပါမစ်ရုံးလက်ခံ၏ (Colour Copy)အား မူရင်းခွဲအဖြစ် ပြန်လည်အသုံးပြုနိုင်ပါရန် ပြန်ကြားလာပါသဖြင့် အမည်ပေါက်မှတ်သားပြီး ကွင်းဆင်းစစ်ဆေးရာတွင် မြေကွက်လပ်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဦးစိုးမြိုင်မှ မြေချပါမစ်မူရင်းတင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ ကမ္ဘာအေးအိမ်ရာဝင်း၊ တိုက်(၆)၏ ပထမထပ်ရှိ အခန်းအမှတ်(၁၀၂)၊ (အလျား ၂၅ပေx အနံ ၃၅ပေ) အကျယ်အဝန်းရှိသော တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချသူများဖြစ်သော ဒေါ်မြင့်မြင့်အေး [၆/မအရ(နိုင်)၀၃၆၇၇၆]နှင့် ဒေါ်မေဇင်မြင့် [၁၂/မရက(နိုင်)၁၂၁၁၃၀]တို့မှ လက်ရှိပိုင်ဆိုင်ကာ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံသဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေအောင်(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၃)**
**အမှတ်(၁၈၉)၊ အညာစုလမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၆၁၆၁၈၂၁၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၈၅) ဂရုဏာလမ်း၊ မြေကွက်အမှတ်(၃၃၆) ဧရိယာ အကျယ်အဝန်း ၄၀ပေ × ၆၀ပေ ရှိ ဂရန်မြေကွက်ကို အမည်ပေါက်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူ ဦးစိန်ဝင်း ၊ ၁၂/လသန(နိုင်) ၀၀၄၅၅၆ ထံမှ အပြီးအပိုင်ဝယ်ယူရန် ဒေါ်သန်းသန်းရီ ၊ ၇/ပခန(နိုင်)၀၁၄၆၂၀ မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ် တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း တင်ပြ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးသည်နှင့် အရောင်းအဝယ်ကို တရားဝင် ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း အသိပေး ကြော်ငြာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်လှသီ
B.A (Law). L LB
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၆)
ဖုန်း - ၀၉-၄၃၀၇၂၄၄၂

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၀၊ မြေကွက်အမှတ်(၃၁၅)၊ ထွန်းသီရိ(၆)လမ်း၊ (အလျား ၄၂ပေ x အနံ ၆၀ပေ)၊ ဧရိယာ (၂၅၂၀)စတုရန်းပေ အကျယ်အဝန်းရှိ မြေအနက်မှ မခွဲမစိတ်ရသေးသည့် (အလျား ၂၂ပေ x အနံ ၆၀ပေ) ဧရိယာ(၁၃၂၀)စတုရန်းပေ အကျယ်အဝန်းရှိ ဦးထွန်းအေး (AE-၂၄၆၉၆၃) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးကို အမည်ပေါက်ပိုင်ရှင် ဦးထွန်းအေး၏ တရားဝင်ဇနီးမယားဖြစ်သူ ဒေါ်ခင်သန်းမြင့် [၁၂/စခန(နိုင်)၀၄၂၆၇၆]က လက်ရှိထား တရားဝင်ပိုင်ဆိုင်ခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အခြားတစ်နည်းနည်းဖြင့် ကြိုတင်လွှဲပြောင်းထားခြင်း၊ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်းမရှိကြောင်း ပိုင်ဆိုင်မှု အထောက်အထားများပြသ၍ ဝန်ခံကတိပြုရောင်းချသူ ဒေါ်ခင်သန်းမြင့်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကောင်းမြတ်ကျော် [၆/ထဝန(နိုင်)၁၁၄၉၁၆]သည် အပြီးအပိုင် ဝယ်ယူရန် စရန်ငွေကျပ် အချို့ကို ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်ကိုကိုဝင်း**
**LL.B, D.B.L, W.I.P.O (Switzerland)**
**အထက်တန်းရှေ့နေ(စဉ်-၅၄၄၂၃)**
**အမှတ်(၀/၇၆)၊ တပင်ရွှေထီးလမ်း၊ အောင်ချမ်းသာ (၃)ရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၁၈၉၅၄၂**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ဒီမိုကရေစီဖော်ဆောင်ရာတွင် နိုင်ငံတော်အတွက် အရေးအကြီးဆုံးသောလုပ်ငန်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးပဲ ဖြစ်ပါသည်။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေးသည် တပ်မတော်၏ အဓိကတာဝန်ဖြစ်သည့်အတွက် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို တပ်မတော်အား လွှဲပြောင်းပေးထားပြီး ဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း ဒီမိုကရေစီကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို လက်ကိုင်ထားပြီး တပ်မတော်နှင့်အတူ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် အလေးအနက်တိုက်တွန်းလိုပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သော (၇၄)နှစ်မြောက်ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

၁၂-၂-၂၀၂၁

# မူပိုင်ခွင့် အကာအကွယ်ပေးခြင်းစနစ်တစ်ရပ် ကျင့်သုံးဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူပြု

**နေပြည်တော် ဇွန် ၃**

မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ အစည်းအဝေး(၁/၂၀၂၂) ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ✳



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီအစည်းအဝေး (၁/၂၀၂၂)တွင် အမှာစကားပြောကြားစဉ်။

## ၂၀၂၃ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ ယှဉ်ပြိုင်ရန် မြန်မာအသင်း အပြီးသတ်လူရွေးချယ်



**ရန်ကုန် ဇွန် ၃**

မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ် အန်တွမ်မိနီဟေးသည် ၂၀၂၃ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ ယှဉ်ပြိုင်မည့် အပြီးသတ်လူစာရင်းကို ဇွန် ၃ ရက်က ထုတ်ပြန်လိုက်ပြီဖြစ်သည်။

**အပြီးသတ် ၂၃ ဦး ရွေးချယ်**

မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလား တတိယအဆင့်ခြေစစ်ပွဲအတွက် ပဏာမကစားသမား ၂၇ ဦးဖြင့် လေ့ကျင့်ပြင်ဆင်ခဲ့ပြီး ကစားသမား လေးဦးလျှော့ချကာ အပြီးသတ် ၂၃ ဦး ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလား

စာမျက်နှာ ၆ ကော်လံ ၁ သို့ ○

**ယနေ့ ဖတ်စရာ**

**ဘားအံမြို့ရှိ CB ဘဏ်ခွဲ(၂)အား စားပြတိုက်မှု ကျူးလွန်ခဲ့သည့် PDF အမည်ခံ အကြမ်းဖက်သမားများအား အချိန်တိုအတွင်း ဖမ်းဆီးရမိ**
စာမျက်နှာ » ၉

**ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ရန် ကျန်ရှိသော ကုမ္ပဏီ(၁၃၇)ခုအား အရေးယူဆောင်ရွက်လျက်ရှိပြီး ဒါရိုက်တာအဖွဲ့ဝင်များအား အမည်မည်းစာရင်း ထည့်သွင်းကြောင်း ကြေညာ**
စာမျက်နှာ » ၁၅